# Lakeview
# ကျောင်းခရိုင်

ကျောင်းပြန်လည် ဖွင့်လှစ်ခြင်းအတွက် မိသားစုလမ်းညွှန်ချက်

မာတိကာ


အကြမ်းမျဉ်း
အဆင့်အလိုက် ကျောင်းအချိန်ဇယား
အဆင့် (၃) အတွက် အွန်လိုင်းမှ လေ့လာခြင်း
အဆင့် (၄) အတွက် မူလတန်း အချိန်ဇယား
အဆင့် (၄) အတွက် အလယ်တန်း ကျောင်း၊ အထက်တန်းကျောင်း ပေါင်းစပ်အချိန်ဇယား
အဆင့်အကဲဖြတ်ခြင်း၊ ရီပို့ကတ်ဒ်

ကန်မြင်ကွင်း အွန်လိုင်း ပညာရေးအစီအစဉ် ရွေးချယ်မှု

ကျောင်းလုပ်ငန်း လည်ပတ်ရေးလုပ်ငန်းစဉ်များ

မူလတန်း ကနဦးစတင်ခြင်း
ဩဂုတ်လ ကျောင်းဆရာ၊ဆရာမများနှင့် တွေ့ဆုံခြင်း ပွဲတော်
အတန်းတက်ရောက်မှု
ကျောင်းမှအထောက်အကူပစ္စည်းများ
အိမ်မှသယ်ဆောင်လာရမည့်ပစ္စည်းများ
ကျောင်းများဖွင့်သည့် ရက်
ကျောင်းသား၊ ကျောင်းသူများ အကြိုအပို့
ကိုယ်ပိုင်အချိန် သို့ပြင်ပလှုပ်ရှားမှုများ
စေတနာဝန်ထမ်းများနှင့် လည်ပတ်လာရောက်သူများ
ကျောင်းပွဲတော်များ၊ လှုပ်ရှားမှုများ
အားကစားလုပ်ငန်းများ

ကျန်းမာရေးနှင့် လုံခြုံရေး
မျက်နှာအကာအကွယ် ဖုံးအုပ်ခြင်း
ကိုယ်အပူချိန်တိုင်းတာခြင်း
သန့်ရှင်းစေခြင်းနှင့် ပိုးသပ်ခြင်း
အကွာအဝေးခြား နေထိုင်ခြင်း နည်းလမ်းများ

ကျောင်းသား၊ကျောင်းသူများ လုံခြုံရေးဆိုင်ရာ စည်းကမ်းချက်များ
မိမိတို့ကလေးများကို ကျောင်းသို့ပို့ဆောင်ခြင်း မပြုလုပ်မီ

ကိုဗစ် ၁၉  ရောဂါ ဖြစ်ပွားခြင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ

အထောက်အကူပြု ဝန်ဆောင်မှုများ
သယ်ယူပို့ဆောင်ရေး နှင့် ဘတ်စ်ကား စည်းမျဉ်းစည်းကမ်းများ
အစားအစာ ဝန်ဆောင်မှု
ကလေးထိန်းစောင့်ရှောက်ပေးမှု ဝန်ဆောင်မှု
နည်းပညာ
လူမှုရေး နှင့် စိတ်ခံစားမှုဆိုင်ရာ ကျေနပ်ပြည့်ဝမှု
ကိုယ်အင်္ဂါချို့တဲ့သော ကျောင်းသား၊ ကျောင်းသူများ

ကိုဗစ် ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် မသေချာသည့်ကိစ္စရပ်များရှိနေသော်လည်း ကျွန်ုပ်တို့သည် ကယ်လ်ဟောင်ခရိုင်ကျန်းမာရေးဌာန၏ညွှန်ကြားချက်များ၊ မြို့တော်ဝန်၏ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အစီအစဉ် နှင့် စီဒီစီ တို့နှင့်အညီ လုံခြုံထိရောက်မှုတစ္စာ ကျောင်းသို့ ပြန်လည်တက်ရောက်နိုင်ရေး အစီအစဉ်ကို အကောင်းအထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

- MI လုံခြုံသော ကျောင်းများ။ Michigan's 2020-21 Return to School Roadmap
- CDC မှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ

ကျွန်ုပ်တို့သည် ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ရာတွင် ကျောင်းသား၊ကျောင်းသူများနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် လုံခြုံရေးသည့် အဓိကဦးစားပေးဖြစ်ပါသည်။ ဤကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းဆိုင်ရာ မိသားစုလမ်းညွှန်ချက်မသည် ကဏ္ဍအားလုံးကို မလွှမ်းခြုံသော်လည်း ကိုဗစ် ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း နှင့် လည်ပတ်ခြင်းလုပ်ငန်းစဉ်များကို လမ်းညွှန်အထောက်အကူပေးမည် ဖြစ်ပြီး အကျိုးသက်ဆိုင်သူများအတွက် တိကျ အချိန်မှန် ရှင်းလင်းပြတ်သားသည့်အချက်အလက်များကို ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ အစီအစဉ်များသည် အခြေအနေအချိန်အခါမရွေး အပြောင်းအလဲများဖြစ်ပေါ်နိုင်သည်ကို သိရှိနားလည်လျက် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ ဤလမ်းညွှန်တွင်ပါဝင်သော အချက်အလက်များသည် ယခုကာလနှင့်ဆီလျော်သောအချက်အလက်များဖြစ်ပါသည်။

**ဤလမ်းညွှန်သည် ပြုပြင်နိုင်သည့် စာတမ်းတစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ် ဩဂုတ်လ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်သောအခါပြန်လည် တဆက်တည်း အသစ်ဖြည့်စွက်သွားမည်ဖြစ်ပါသည်။**

ဤလမ်းညွှန်သည် ပြန်လည်ဖြည့်စွက်ပြောင်းလဲနိုင်သည်ကို နားလည်ထားစေချင်သကဲ့သို့ အစီအစဉ်များသည်လည်း ကျန်းမာရေးဆိုင်ရာအချက်အလက်များ လမ်းညွှန်ချက်များအသစ်ထပ်မံရရှိလာသည့်အခါ အစီအစဉ်များသည် ပြောင်းလွယ်ပြင်လွယ်ရှိကြောင်း သတိပေးတိုက်တွန်းလိုက်ပါသည်။ လူကြီးမင်းတို့ ကို အပြောင်းအလဲများ အမြဲမပြတ်သတင်းပေးပို့ သွားမည်ဖြစ်ပြီး ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းနှင့် သက်ဆိုင်သော မေးခွန်းများကို ကျွန်ုပ်တို့ ဝက်ဘ်ဆိုက်ပေါ်ရှိ FAQ link သို့ တင်သွင်းနိုင်ပါသည်။

ကျွန်ုပ်တို့သည် ဤအခွင့်အရေးကို အသုံးချကာ ဝန်ဆောင်မှုများပြန်လည်ဆန်းသစ်ခြင်း၊ အထောက်အကူပေးအဆင့်တိုးမြှင့်ခြင်း နှင့် ကျွန်ုပ်တို့ကျောင်းသားများ၏ ထာဝစဉ်ပြောင်းလဲလျက်ရှိသော ကမ္ဘာကြီးမှ အောင်မြင်မှုလက်ကိုင် ရယူနိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိပါသည်။ ကိုဗစ် ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့်ဖြစ်ပေါ်သော မသေချာမရေရာမှုများ ရှိနေသော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သင်ကြားရေးနှင့် လေ့လာရေးဆိုင်ရာ အဓိကလုပ်ငန်းရပ်ကို ကြုံတွေ့လာရမည့်အခြေအနေအရပ်ရပ်မျိုးစုံတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# အဆင့်အလိုက် ကျောင်းအချိန်စာရင်းများ

အရေးပေါ်ကျောင်းပိတ်ရမည့် အခြေအနေများတွင် Lakeview ကျောင်းခရိုင်သည် ကျောင်းသား၊ကျောင်းသူများအား ၎င်းတို့၏ ပညာရေးအခွင့်အလမ်းများကို မိမိတို့အိမ်မှ ဆက်လက်ရယူသွားနိုင်ရန် သေချာစိုင်လုံသည့် ကျိုးပမ်းချက်များကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

ကျောင်းများသည် ပြည်နယ်မှချမှတ်လိုက်သည့် လက်ရှိကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း အဆင့်ပေါ်တွင် အခြေခံကာ အချိန်မရွေးလည်ပတ်လုပ်ဆောင်သွားပါမည်။ ကျွန်ုပ်တို့ သည် ကျောင်းသားကျောင်းသူများကို ပြည်နယ်မှဆုံးဖြတ်ချက်ချသည့် အဆင့်များအကြား ချောချောမွေ့မွေ့ ပြောင်းလဲလိုက်ပါ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ပေးသွားပါမည်။

စာသင်ခန်းများအတွင်း လူအချင်းချင်းတွေ့ဆုံသင်ကြားရေး လမ်းညွှန်ချက်ကို အကောင်းဆုံးအသုံးချကာ အဆင့်များအားလုံးအတွက် အစီအစဉ်များကို ကျောင်းသားကျောင်းသူများနှင့် အလုပ်သမားများအတွက် ကျန်းမာရေးနှင့် လုံခြုံရေး နည်းလမ်းများအကောင်းထည်ဖော်ရန် ပြုလုပ်လျက် ရှိပါသည်။

*အဆင့် ၄ တွင် နှစ်ပတ်တစ်ခါ ကာဟောင် ကောင်တီ ကျောင်းခရိုင်များသည် ကျန်းမာရေးဌာနနှင့် တွေ့ဆုံကာ လက်ရှိကိုဗစ်ဖြစ်ပွားမှုအခြေအနေများနှင့် ပြန်လည်သုံးသပ်ရန်နှင့် အဆင့် ၄က မှ ၄ခ သို့ပြောင်းလဲရန် ထောက်ခံချက်များကို ရယူသွားပါမည်။ ဤသည်မှာ လူထုအတွင်း ကိုဗစ်ရောဂါပြန့်ပွားမှုကို လျော့ချရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဒေသသ ည် ကာယ်ဟောင် ကောင်တီမှ အင်ဒီယားနား နယ်စပ် နှင့် မီချီဂန် ကန် ထိုဒ့အထိ ထိစပ် ဖြန့်ကျက်လျက်ရှိပါသည်။ အဆင့် ၄ မှ အဆင့်၃ အစား အဆင့် ၅ သို့ ရောက်နိုင်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်ချက်များကို ဒေသ တွင်း အချက်အလက်များအပေါ် အခြေခံချမှတ်ရန် အရေးကြီးပါသည်။

| အဆင့် ၁ မှ ၃ | အဆင့် ၄ က | အဆင့် ၄ ခ | အဆင့် ၅ |
|---|---|---|---|

| | | | |
|---|---|---|---|
| ကျောင်းသားကျောင်းသူများအားလုံး မိမိအိမ်မှ အွန်လိုင်းလေ့လာသင်ယူရေး မဖြစ်မနေပြုလုပ်ရပါမည်။ | ကျောင်းသားကျောင်းသူများအားလုံး မိမိအိမ်မှ အွန်လိုင်းလေ့လာသင်ယူရေး မဖြစ်မနေပြုလုပ်ရပါမည်။ | မူကြို Pre-K မူလတန်း ကျောင်းသားကျောင်းသူများ စာသင်ခန်းအဆောက်အဦးများအတွင်းသို့ တစ်ပတ် ၅ ရက် တက်ရောက်နိုင်ပါသည်။ ဆရာ၊ဆရာမများ ကျောင်းသားကျောင်းသူများ ကို ၎င်းတို့၏ စာသင်ခန်းအတွင်း တွင်သာ ရှိရမည်။ | PreK-12 ကျောင်းသူကျောင်းသားများသည် ပုံမှန် ကျောင်းအချိန်ဇယားအတိုင်း (မူလတန်းများသည် မိမိအိမ်တွင်သာနေကာ) တစ်ပတ်လျင် ၅ ရက်ကျောင်းလာနိုင်ပါသည်။ |
| | | ၅ တန်းမှ ၁၂ တန်းအထိ ကျောင်းသားကျောင်းသူများသည် မိမိအိမ်မှ လေ့လာသင်ယူခြင်းနှင့် ကျောင်းတွင်းသင်ယူခြင်း ပေါင်းစပ်အချိန်ဇယားအတိုင်း သင်ယူသွားပါမည်။တစ်ပတ်လျင် ၂ ရက် ကျောင်းတက်၍ အခြားရက်များတွင် အွန်လိုင်းမှ သင်ယူသွားပါမည်။<br><br>A-L=တနင်္လာ၊ ကြာသပတေးနေ့<br>M-Z=အင်္ဂါနေ့ ၊ သောကြာနေ့<br><br>ဗုဒ္ဓဟူးနေ့ -အိမ်မှ အဝေးသင် သင်ယူလေ့လာခြင်း | |

## အဆင့် ၃ တွင် အွန်လိုင်း သင်ယူလေ့လာခြင်း (မိမိအိမ်မှ)

ကျောင်းများ ကျန်းမာရေးနှင့် လုံခြုံရေးအကြောင်းပြချက်များကြောင့် ပိတ်ထားရသည့်အခါ အရည်သွေးမြင့်သည့် အွန်လိုင်း ပညာရေးကို ပေးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။ ကျောင်းသားကျောင်းသူများကို အဝေးမှ ညွှန်ကြားချက်များပေးနိုင်ရန် ကျောင်းသားကျောင်းသူများသည် ကျောင်းမှထုတ်ပေးထားသည့် ကွန်ပြူတာ နှင့် အကန့်အသတ်မရှိဒေတာ ဖြင့် Wifi Hotspots များကိုပါ ရရှိသွားမည် ဖြစ်ပါသည်။ ထို့အပြင် ကျောင်းသားကျောင်းသူများအနေဖြင့် အခြေခံပစ္စည်းများ ဖြစ်သော စာရွက်၊ ခဲတံ၊ ရောင်စုံ အစရှိသည်တို့ကိုပါ ပံ့ပိုးပေးသွားပါမည်။

မိသားစုတစ်ခုချင်းဆီ၏ အချိန်ဇယားသည် မတူကွဲပြားသောကြောင့် ကျွန်ုပ်တို့အစီအစဉ်တွင်လည်း ညွှန်ကြားချက် နှစ်မျိုးပါရှိပြီး နွေဦး ၂၀၂၀ သင်ယူလေ့လာခြင်း အစီအစဉ်နှင့် ကွာခြားပါမည်။

- Live အွန်လိုင်းသင်ယူလေ့လာရေး အပိုင်း ကို အပတ်စဉ် နေ့ရက် အချိန်တူညီစွာ ပြုလုပ်သွားပါမည်။ Live သင်ခန်းစာများသည် ကျောင်းသားများအတွက် အရေးကြီးပါသည်။
    - တသမတ်တည်း သင်ယူလေ့လာခြင်း အချိန်စာရင်း
    - ၎င်းတို့၏ ဗဟုသုတ နှင့် စွမ်းရည်များ ပြသရန် အခွင့်အရေးများရှိခြင်း
    - အတန်းဖော်များနှင့် ပူပေါင်းလုပ်ကိုင်လျက် လူမှုသင်ယူလေ့လာခြင်းများကို ပြုလုပ်နိုင်ခြင်း
    - အချိန်နှင့်တပြေးညီ အကြံပေးချက်များပေးနိုင်ခြင်း။ တို့ကြောင့် ဖြစ်ပါသည်။

- ကြိုတင် ရုပ်သံဖမ်းယူထားသော သင်ခန်းစားများနှင့် သက်ဆိုင်ရာ အိမ်စာလေ့ကျင့်ခန်းများ ကို ကျောင်းသားများ ရယူနိုင်ရန် အွန်လိုင်းတွင် တင်ပေးထားပါမည်။ ကြိုတင် ရုပ်သံဖမ်းယူထားသော သင်ခန်းစားများသည် ကျောင်းသားများအတွက် အောက်ပါအကြောင်းပြချက်များကြောင့် အရေးကြီးပါသည်။
- အချိန်ဇယား ပြောင်းလွယ်ပြင်လွယ်ရှိခြင်း
- သင်ကြားမှု သရုပ်ပြမှုများကို ပြန်လည်ကြည့်ရှုနိုင်ရန် အခွင့်အရေးရခြင်း
- လွတ်လပ်စွာ မိမိနှုန်းဖြင့် အလုပ်လုပ်ရန် အချိန်နှင့်နေရာရှိခြင်း။ တို့ဖြစ်ပါသည်။

**<u>ဤစာအုပ်အတွင်း ဖော်ပြချက်များသည် သင်ကြားရေး သင်ယူလေ့လာရေးအတွက် အတန်းအဆင့်အလိုက် ခရိုင်တစ်လျှောက်တာသမတ်တည်း</u>** အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ထားခြင်း ဖြစ်ပါသည်။ သို့သော် အချိတ်အဆက်များ

တည်ဆောက်ခြင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာရေး နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ်စမ်းစစ်ခြင်း တို့သည် ကျောင်းပထမအပတ်များ အတွက် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် မိဘများနှင့် ကျောင်းသားကျောင်းသူများသည် ထိုစံနှုန်းများအရ ပြုပြင်မှုများပြုလုပ်မည် ဖြစ်ကြောင်း မျှော်လင့်ထားသင့်ပါသည်။ အပြောင်းအလဲများကို အဆောက်အဦး တစ်ခုချင်းဆီအလိုက် ဆက်သွယ်ပြောကြားသွားပါမည်။

## အဆင့် ၄ အတွက် မူလတန်း အချိန်ဇယား

CDC နှင့် ကာဟောင် ကောင်တီ ကျန်းမာရေးဌာန ၏ ထောက်ခံချက်များအရ ကျွန်ုပ်တို့သည် မူလတန်းကျောင်းများတွင် စာသင်ခန်းအတွင်းသာ နေထိုင်ခြင်းကို ပြောင်းလဲသွားပါမည်။ ဆိုလိုသည်မှာ စာသင်ခန်းအတွင်း ဆရာ၊ဆရာမများ၊ ကျောင်းသားကျောင်းသူများ အချိန်ပြည့်စာသင်ခန်းထဲတွင် နေထိုင်ပြီး အခန်းတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် အခြားကျောင်းသားများ (သို့) လူပမာနကို ကန့်သတ်သွားပါမည်။ ဤသည်မှာ ကိုဗစ် ရောဂါကို လူအများအပြားထံ ပြန့်နှံ့မှုကို သိသိသာသာ လျော့ချပေးသွားပါမည်။

- ကျောင်းစာသင်ချိန်းသည် နေ့စဉ် တစ်နာရီ စောပြီးပါမည်။ (၈:၂၅ မှ ၂:၂၅ အထိ)
    - ဤသည်မှာ စာသင်ခန်းအတွင်း တစ်နေ့တာလုံး ဝင်ရောက်နိုင်သည့် ဝန်ထမ်းပမာဏကို ကန့်သတ်ပေးသွားမည် ဖြစ်ပါသည်။
    - အထူး စာသင်ခန်းများ အားလုံး( အားကစား၊ အနုပညာ၊ ဂီတ) ကို ကျောင်းသားများ အိမ်မှ သင်ယူနိုင်ရန် အွန်လိုင်းစာသင်ခန်းများ ပြုလုပ်သွားမည်။

## အဆင့် ၂ အတွက် ဒုတိယအချိန်ဇယား (၅ တန်းမှ ၁၂ တန်း)

အလယ်တန်းနှင့် အထက်တန်းကျောင်းများအတွက် လူတစ်ဦးနှင့်တစ်ဦးကြား အကွာအဝေးခြားနေထိုင်နိုင်ရန် လူဦးရေးလျော့ချရန်နှင့် အတွက် Lakeview ကျောင်းသည် ဖက်စပ်အချိန်ဇယားကို ပြောင်းလဲသွားပါမည်။

သင်ခန်းစာများကို တပိုင်းတစ်စစာသင်ခန်း ပုံစံဖြင့် ကျောင်းသားကျောင်းသူများ တစ်ပတ်လျင် ၂ ရက် အကူအညီရယူနိုင်ရန် ကျောင်းတက်ခွင့်ရမည်။ ကျောင်းသားကျောင်းသူများကို အဖွဲ့ နှစ်ဖွဲ့ ခွဲထားပါမည်။

### A-L တနလာ်နေ့၊ ကြာသပတေးနေ့

## M-Z အင်္ဂါနေ့၊ သောကြာနေ့

ကျောင်းအဆောက်အဦးအတွင်း လူကိုယ်တိုင်မတက်ရောက်နိုင်သည့် အခါ ကျောင်းသားကျောင်းသူများသည် အိမ်မှ သင်ယူလေ့လာမှုများကို ပြုလုပ်သွားရပါမည်။

- အားလုံးသော လူကိုယ်တိုင် နှင့် အိမ်မှ သင်ခန်းစာများအတွက် Google Classroom (၅-၆) သို့မဟုတ် Schoology (၇-၁၂) အထိရယူတက်ရောက်သွားနိုင်ပါသည်။
- ဆရာဆရာမများသည် အိမ်မှသင်ယူလေ့လာသည့် သင်ခန်းစာမျှော်လင့်ချက်များအတွက် ကျောင်းသားကျောင်းသူများနှင့် လူကိုယ်တိုင်တွေ့ရသည့် ရက်များတွင် ပြန်လည်စမ်းစစ်သွားပါမည်။
- ကျောင်းသားကျောင်းသူများသည် အိမ်မှသင်ယူလေ့လာခြင်းသင်ခန်းစာများကို မဖြစ်မနေပြုလုပ်ရမည် ဖြစ်ပြီး အိမ်မှသင်ယူလေ့လာခြင်း သင်ခန်းစားများကို ပြီးစီးအောင် ဆောင်ရွက်ရပါမည်။
  အဆင့်သတ်မှတ်ချက်များကို ကျောင်းတွင်သင်ယူလေ့လာခြင်းနှင့် အိမ်မှ သင်ယူခြင်း သင်ခန်းစာများ ပူးပေါင်းအကဲဖြတ် အမှတ်ပေးသွားပါမည်။
- အိမ်မှသင်ယူလေ့လာခြင်း သင်ခန်းစာများသည် မိမိ နှုန်းထားဖြင့် သင်ယူနိုင်ပြီး အတန်းတစ်ခုလျှင် မိနစ် ၆၀ မှ ၉ ၀ အထိ သင်ယူရပါမည်။
- ကျောင်းသားကျောင်းသူများအနေဖြင့် မေးခွန်းများရှိလျှင် ၎င်းတို့၏ ဆရာဆရာမများကို ဆက်သွယ်အကူအညီရယူရန် တိုက်တွန်းပါသည်။ (ကျောင်းသားများနှင့် မိဘများအားဖြင့် ဆရာဆရာမများမှ ကျောင်းဖွင့်ရက်တစ်ရက် မကုန်ဆုံးမှီ (သို့) နောက်တစ်ရက်မရောက်မှီ ပြန်လည် ဖြေကြားနိုင်မည် မဟုတ်ကြောင်း အသိပေးလိုပါသည်။

## အဆင့်သတ်မှတ်ချက်၊ ရီပို့ကတ်များ

အဆင့်တစ်ခုနှင့် တစ်ခုအကြား အမှတ်ပေးအဆင့်သတ်မှတ်ချက်ပြောင်းလဲမည် မဟုတ်ပါ။ ဆရာဆရာမများအနေဖြင့် Schoology၊ Google Classrooms နှင့် အခြားအွန်လိုင်း ကိရိယာများမှ ရွေးချယ်ချက်များကို အသုံးချကာ အိမ်စာများ အဆင့်သတ်မှတ်ပေးရန် ထောက်ခံပါသည်။ အောင်မြင်ခြင်း၊ ကြရှုံးခြင်း စနစ်ကို ကျင့်သုံးမည် မဟုတ်ပါ။ ရီပို့ကတ်များအား မည့်သည့်အဆင့်တွင် မဆို ပြောင်းလဲသွားမည်မဟုတ်ဘဲ ရီပို့ကတ်အတွင် နေရာအားလုံးမဖြည့်နိုင်ခြင်း ဖြစ်နိုင်ပါသည်။ (မူလတန်း ကတ်ဒ်များ)

# Lakeview အွန်လိုင်း ပညာရေး

ကျွန်ုပ်တို့သည် ကျောင်းသားကျောင်းသူများ ကျောင်းတက်ရခြင်းအတွက် ပူပန်အမျိုးမျိုးရှိကြောင်း နားလည်ပြီး လူတိုင်းမိမိတို့ ကလေးများကို ကျောင်းသို့ ပို့ရန် စိတ်ပူကြောင်း သဘောပေါက်နားလည်ပါသည်။ ထို့ကြောင့် ကျောင်းသို့မလာနိုင် (သို့) မလာချင်သော သူများအတွက် အွန်လိုင်းမှ သင်ယူလေ့လာခြင်း (the Lakeview Vitural Academy) ပြုလုပ်နိုင်ရန် ရွေးချယ်ချက်များပေးထားပါသည်။ ကျောင်းသို့ လူကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော ကျောင်းသားကျောင်းသူများသည် အိမ်မှ အွန်လိုင်း စာသင်ခန်းများကို တက်ရောက်သွားနိုင်ပါသည်။ ထို အွန်လိုင်းပညာရေးကို အောက်ပါ ဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်သွားပါမည်။


တာရာ ရိုက် (မူလတန်း) *trice@lakeviewspartans.org*

ထရူဒီ စတစ် (အလယ်တန်း) *) tstitt@lakeviewspartans.org*

အယ်လစ်ဆန် အော်လ်ဆန် (အထက်တန်း) *) aolson@lakeviewspartans.org*


အွန်လိုင်းပညာရေးအတွက် မိမိကလေးကို စာရင်းသွင်းလိုသော်လည်းကောင်း အချက်အလက်များ ရယူလိုသော် လည်းကောင်း အောက်ပါ လင့်ခ်ကို သွားရောက်ပါ။

***Lakeview Virtual Academy***

# ကျောင်းလုပ်ငန်း လည်ပတ်ခြင်း

## မူကြိုကျောင်းပြန်လည်ဖွင့်လှစ်ခြင်း

ဤပွဲကို မူလတန်းကြိုကျောင်းသားများသည် ဩဂုတ်လ ၂၆ ရက် ကျောင်းဖွင့်ရက် နေ့တစ်ပိုင်းသာ ရှိမည်ဖြစ်သဖြင့် ပယ်ဖျက်လိုက်ပါသည်။

## ဆရာဆရာမများနှင့် တွေ့ဆုံခြင်း

သမာရိုးကျ ဆရာဆရာမများနှင့် တွေ့ဆုံခြင်းပွဲညကို ဩဂုတ်လ ၂၄ ရက် တနင်္လာနေ့ ညနေ ၆ နာရီတွင် Zoom အစီအဝေးဖြင့် အစားထိုးကျင်းပ သွားပါမည်။ ဆရာဆရာမများသည် ၎င်းတို့ကို မိတ်ဆက်ရန် ပညာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ဦးတည်ချက်များ၊ မိဘများ အွန်လိုင်းမှ ပါဝင်နိုင်ရေးနှင့် အဓိကအချက်အလက်များကို အတိုချုပ်တင်ပြသွားပါမည်။ ထိုမှ အမေးအဖြေ ကဏ္ဍ ပြုလုပ်သွားပါမည်။

## အတန်းတက်ရောက်မှု

ယခုလက်ရှိအချိန်တွင် မဖြစ်မနေကျောင်းပြန်တက်ခြင်း၊ ညွှန်ကြားချက်မိနစ်များ၊ ပြည်နယ်အကဲဖြတ်ချင်းများအတွက် မီချီဂန် ဥပဒေများ နှင့် မူဝါဒများ ပြဌာန်းထားပါသည်။ ကျောင်းသားကျောင်းသူများ လူကိုယ်တိုင် အတန်းတက်ရောက်မှုနေ့စဉ်စာရင်းကောက်ယူထားပါမည်။ အွန်လိုင်းသို့မဟုတ် ဖက်စပ်ပုံစံဖြင့် အတန်းတက်ရသောအခါ ကျောင်းသားများ၏ ဆရာဆရာမများနှင့် ဆက်သွယ်မှု သင်ခန်းစာ အိမ်စာ ပြုလုပ်မှုများအပေါ် အတန်းတက်ရောက်မှု ရေတွက်သွားပါမည်။

၂၀၂၀၊ ၂၀၂၁ ပညာသင်နှစ်အတွက် မီချီဂန် ပညာရေးဌာနမှ ပြန်ဌာန်းထားသည့်အတိုင်း ကျောင်းသားကျောင်းသူများ ကျောင်းတွင်သော်လည်းကောင်း အိမ်မှသော်လည်းကောင်း အတန်းတက်ရောက်မှုကို စောင့်ကြည့်သွားမည်။ တရားဝင်ကျန်းမာရေး ထောက်ခံချက်များ ကို လက်ခံသော်လည်း ကိုဗစ် နှင့်သက်ဆိုင်သည့် ကိစ္စအားလုံးကို မိဘထောက်ခံစာဖြင့်သာ လက်ခံသွားမည် ဖြစ်ပြီး **ကျောင်းသားများသည် ကိုဗစ် လက္ခဏာပြလျက် ကျောင်းသို့မလာရန် မှာ အထူးအရေးကြီးပါသည်။**

## ကျောင်းသားကျောင်းသူများ အထော်အကူပစ္စည်းများ

- ကျောင်းသားကျောင်းသူတိုင်းသည် မိမိတို့ ပစ္စည်းများကို အခြားသူတို့၏ ပစ္စည်းများမှ ခွဲထားရမည်။
- လျပ်စစ်ကိရိယာများ၊ ကစားစရာများ၊ စာအုပ်များ နှင့် အခြား သင်ထောက်ကူ၊ ဂိမ်း တို့ကိုလည်း မျှသုံးခြင်း မပြုလုပ်ဘဲ အသုံးပြုသူတစ်ဦးအပြီး ပိုးသတ်သင့်သည်။
- ပစ္စည်းများကို မျှသုံးရခြင်းမှ လျော့ချရန် ဝယ်ယူထားသင့်ပါသည် (သင်္ချာ တွက်ချက်ပစ္စည်းများ)

## အိမ်မှ ပစ္စည်းများ

- အိမ်မှ ပစ္စည်းများ သယ်ဆောင်လာခြင်းကို ကန့်သတ်ပါ (ဝန်ထမ်းများဆီမှ သို့မဟုတ် ကျောင်းသားကျောင်းသူများဆီမှ)
- ကလေးငယ်များအတွက် အထောက်အကူပစ္စည်းများ လိုအပ်သော်လည်း ကလေးအများအပြားနှင့် ထိတွေ့မှု ရှောင်ရှားပါ။
- ပျော့ပြောင်းသော ပစ္စည်းများကို တတ်နိုင်သမျှအိမ်တွင် ထားခဲ့ပါ။
- ပြသ ကြွားဝါခြင်း ပုံစံ ရှောင်ရှားပါ။

## ဩဂုတ်လ ၂၆ ရက် ကျောင်းပြန်ဖွင့်ရက်

**ကျောင်းသားကျောင်းသူများအတွက် ပြန်လည်စတင်ခြင်း**

ကိုဗစ် ၁၉ အတွက် လိုအပ်သည့် အချိန်စာရင်းများ နှင့် နည်းလမ်းအဆင့်ဆင့် ကို ပြန်လည်သုံးသပ်ရန် နှင့် အကောင်အထည်ဖော်ရန် အချိန်ရယူနိုင်ရန် အတွက် Lakeview ကျောင်းသည် မူလတန်းကျောင်းများအတွက် အချိန်ဇယားပြောင်းလဲချက်ဖြင့် နှစ်တစ်နှစ် အစပြုသွားပါမည်။ မူလတန်းနှင့် အထက်တန်း ကျောင်း ကျောင်းသားကျောင်းသူများအနေဖြင့် ဖက်စပ်အချိန်ဇယားအရ အချိန်ဇယားအပြောင်းအလဲကို စတင်နေပြီးဖြစ်ပြီး ၎င်းတို့တာဝန်ပေးထားသည့်ရက်များတွင် လူကိုယ်တိုင် ကျောင်းသို့လာရောက်နိုင်မှာ ဖြစ်ပါသည်။

မူလတန်း အဆောက်အဦးများ

- မူလတန်းကြို၊ Young 5 ၊ ပထမအဆင့်၊ ECSE၊ အစောပိုင်းလေ့လာရေး စာသင်ခန်း၊ ASD အခန်း၊ IRR အခန်း၊ CI အခန်းများသည် ဩဂုတ်လ ၂၆ ရက် ၈ နာရီ ၂၅ မိနစ် အချိန်တွင် သတင်းပေးပို့ရပါမည်။ (ပုံမှန် စာရင်းပေးပို့သည့် အချိန်)
- ၂ တန်း၊ ၃ တန်း၊ ၄ တန်း များသည် ဩဂုတ်လ ၂၆ ရက် ၁၂ နာရီ (နေ့လည်)တွင် စာရင်းပေးပို့ရမည်။

မူလတန်း ကျောင်းနှင့် အထက်တန်းကျောင်း

- နောက်ဆုံးအမည် A မှ L အထိ ဩဂုတ်လ ၂၆ ရက်
- နောက်ဆုံးအမည် M မှ Z အထိ ဩဂုတ်လ ၂၇ ရက်
- ဩဂုတ်လ ၂၈ ရက်နေ့ ကျောင်းမဖွင့်ပါ (အိမ်မှ အဝေးသင်လေ့လာသင်ယူရေး နေ့)

Lakeview ခရိုင် စာသင်နှစ် ပြက္ခဒိန်ကို အောက်ပါ ဝက်ဘ်ဆိုက်တွင် ရယူနိုင်ပါသည်။

**https://www.lakeviewspartans.org/Page/10**

## အကြိုအပို့

- ကြီးကြပ်အုပ်ချုပ်သူများသည် ရောက်ရှိနိုင်သည့် နေရာအများအပြားကို ပြုလုပ်ပေးထားပါမည်။
- ကြီးကြပ်အုပ်ချုပ်သူများသည် နောက်ကျရောက်ရှိလာမှုများအတွက် လုပ်ငန်းစဉ်များနှင့် ကျောင်းသားများ ကျောင်းမှ အစောထွက်ရောက်မှု အတွက် စီစဉ်ထားပါသည်။
- မိဘများသည် အကြိုအပို့သတ်မှတ်ထားသော နေရာများတွင်သာ ပြုလုပ်ရပါမည်။
- နေရာတစ်ခုထဲတွင် အဖွဲ့လိုက် စုဝေးခြင်းရှောင်ရှားရပါမည်။

## ကိုယ်ပိုင်အချိန်နှင့် ပြင်ပ လှုပ်ရှားမှုများ

CDC သည် ကျောင်းသားကျောင်းသူများအား ကျောင်းဖွင့်ရက်အတွင်း အတတ်နိုင်ဆုံး အပြင်မှ နေရန် တိုက်တွန်းပါသည်။ အတန်းများသည် ကန့်သတ်ထားသောကြောင့် ဆရာများအနေဖြင့် ကျောင်းသားများကို ကိုယ်ပိုင်အချိန်တွင် အပြင်သို့ခေါ်ယူသွားပါမည်။ သို့သော် တစ်နေရာ တစ်ချိန်တည်းတွင်ရှိရမည့် ကျောင်းသားအရေအတွက်ကို ကန့်သတ်သွားပါမည်။

တဲနှင့် ပျော်ပွဲစားစားပွဲများကို အဆောက်အဦးတိုင်းတွင် ထားရှိပါမည်။ မူလတန်းမှ ကျောင်းသားများအနေဖြင့် စာသင်ခန်းပြင်ပတွင် ခုံတစ်လုံးဆီဖြင့် ထိုင်၍ ရမည်။ ကလေးများအနေဖြင့် ၄င်းတို့အတန်းဖော်များနှင့် သတ်မှတ်ထားသောနေရာတွင်သာ နေထိုင်ရမည်။ ကိုယ်ပိုင်အချိန်တွင် ကျောင်းသားများသည် လုပ်ငန်းပြောင်းလဲလုပ်ဆောင်ခြင်း၊ မိမိတို့နေရာသတ်မှတ်ချက် မှ ထွက်ခွာခြင်း မပြုလုပ်ရပါ။ လုပ်ငန်းများအနေဖြင့် ကိရိယာများကို အသုံးပြုမည်မဟုတ်ဘဲ အသုံးပြုပြီးပါက ကိရိယာများကို ပိုးသတ်ရမည်။ အုပ်စုများကို နေ့စဉ် ထိတွေ့မှုလျော့ချစေရန် ထိန်းသိမ်းရမည်။

CDC အနေဖြင့် အပြင်ဘက်နေရာများ ကျောင်းတွင်းကစားကွင်း၊ ပန်းခြံကဲ့သို့သော နေရာများသည် အမြဲပုံမှန် သန့်ရှင်းရေးလုပ်ရန်လိုအပ်ပြီး ပိုးသတ်ရန်မလိုပါကြောင်း ညွှန်ကြားထားသည်။ လက်ဖြင့်မကြာခဏအထိအတွေ့ရှိသော ခုန်တန်း လက်ရန်းများ မှ ပလတ်စတစ်နှင့် သတ္တုမျက်နှာပြင်များကို သေချာစွာ သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။ ကစားကွင်း တစ်ခုလုံးကို ပိုးသတ်ခြင်း ပြုလုပ်ရန် မလွယ်ကူနိုင်သကဲ့သို့ လူထုအတွက် ကိုဗစ်ရောဂါ အန္တရာယ်မလျော့ကျစေနိုင်ပါ။ သစ်သားမျက်နှာပြင်များ (ပြဇာတ်စင်၊ ခုံတန်း၊ စားပွဲ) သန့်ရှင်းရေး နှင့် ပိုးသပ်ခြင်း (သို့မဟုတ်) မြေပြင်အကာများ (ရွှံ့၊ သဲ) တိုပို့ သန့်ရှင်းခြင်း မလိုအပ်ပါ။ အိမ်မှ မည်သည့် ကိရိယာများကိုမှ ယူလာရန် မလိုအပ်ပါ။

ကျောင်းဝင်ပေါက် ကစားကွင်းများတွင် လက်သန့် ဆေးရည်ကို ထားပေးထားပါမည်။

**ကိုယ်ပိုင်အချိန်အတွက် အိမ်မှ မည်သည့်ကိရိယာများကိုမျှ သယ်ဆောင်လာခြင်းမပြုရပါ။**

**<u>စေတနာ့ ဝန်ထမ်းများ နှင့် လာရောက်လည်ပတ်သူများ</u>**

- အရေးကြီးသည့် လာရောက်လည်ပတ်သူများ ကျောင်းကိစ္စရပ် (သို့) ကျန်းမာရေး ဝန်ထမ်းများ ကိုဗစ် ပြသနာရပ်များ တုံ့ပြန်ရန် လာရောက်သူများ
- မလိုအပ်သော လာရောက်လည်ပတ်သူများကို ကန့်သတ်ထားပါမည်။ အရေးပေါ်အရေးကြီးသည့် အခြေအနေမှ လွဲ၍ ကျောင်းအဆောက်အဦးအတွင်း လာရောက်လည်ပတ်သူများကို ခွင့်ပြုမည် မဟုတ်ပါ။
- အရေးကြီးလာရောက်သူများ အနေဖြင့်လည်း မျက်နှာအဖုံးအကာများ နှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများကို လုပ်ဆောင်ရပါမည်။
- အပူချိန် ၁၀၀.၄ ထက်မြင့်သောသူများကို ဝင်ခွင့်ပေးမည်မဟုတ်ပါ။
- နေ့လည်းစာစား ဧည့်သည်များကို ဝင်ရောက်ခွင့်မပြုပါ။
- မိဘ အစည်းအဝေး၊ တွေ့ဆုံပွဲများကို တတ်နိုင်သမျှ အွန်လိုင်းမှ ပြုလုပ်သွားပါမည်။

**<u>ကျောင်းပွဲတော်၊ လှုပ်ရှားမှုများ</u>**

**အဆင့် ၄**

- ကျောင်းပြင်ပ လှုပ်ရှားမှုများကို သင့်လျော်သော လူတစ်ဦးတစ်ဦးကြားအကွာအဝေးခြား နေထိုင်စေခြင်း၊ နာခေါင်းစည်းများတပ်ခြင်း၊ အပြင်တွင် တတ်နိုင်သမျှပြုလုပ်စေခြင်း၊ လူ ၅၀ ထက်ပိုမစုဝေးဘဲ ခွင့်ပြုပေးသွားပါမည်။
- အစုလိုက်ချိတက်ခြင်းများ ခွင့်မပြုပါ။

**အဆင့် ၅**

- ကျောင်းပြင်ပ လှုပ်ရှားမှုများကို သင့်လျော်သော လူတစ်ဦးတစ်ဦးကြားအကွာအဝေးခြား နေထိုင်စေခြင်း၊ နာခေါင်းစည်းများတပ်ခြင်း၊ အပြင်တွင် တတ်နိုင်သမျှပြုလုပ်စေခြင်း၊ လူ ၅၀ ထက်ပိုမစုဝေးဘဲ ခွင့်ပြုပေးသွားပါမည်။
- အပြင်ဘက်တွင် လူစုလူဝေးပြုလုပ်ခြင်းများကို လက်ရှိနှင့် နောက်လာမည့် အမိန့်ညွှန်ကြားချက်များအရ လူဦးရေ ကန့်သတ်ချက်များအရ ခွင့်ပြုပေးသွားပါမည်။

**<u>အားကစားလုပ်ငန်းများ</u>**

**အဆင့် ၃**

အားကစားလှုပ်ရှားမှုအားလုံးကို ရွှေ့ဆိုင်းထားပါသည်။

**အဆင့် ၄ နှင့် ၅**

- MHSAA ၏ လိုအပ်ချက်များအားလုံးကို အကောင်အထည်ဖော်သွားပါမည်။
- ကျန်းမာရေးဌာနနှင့် MHSAA ကွဲလွဲချက်များရှိပါက ခရိုင်သည် ကျန်းမာရေးဌာန၏ ထောက်ခံချက်နှင့် လိုအပ်ချက်များကို အကောင်အထည်ဖော်သွားပါမည်။
- အားကစားပွဲများရှိ လူအရေအတွက် (အားကစားနှင့် တရားဝင်ပွဲများအပါအဝင်) သည် မြို့တော်ဝန် အမိန့်ထက် ကျော်လွန်မည် မဟုတ်ပါ။
- အခန်းတွင်း အထောက်အကူများကို အားကစားအတွက် အဆင့် ၄ တွင် ပိတ်ထားပါမည်။
- အထောက်အကူကို အသုံးချခဲ့ပါက ၆ ပေကွာ လူတစ်ဦးနှင့်တစ်ဦး အကွာအဝေးခြား၍ မှတ်သားထားပါမည်။
- ကိုယ်လက်လှုပ်ရှားမှု လုပ်ငန်းများတွင်ပါဝင်သော ကျောင်းသားကျောင်းသူများသည် တတ်နိုင်သမျှအပြင်တွင် ပြုလုပ်ရပါမည်။
- အခန်းတွင်းတွင် ကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများအတွက် ၁၀ ပေအကွာနေထိုင်ရပါမည်။
- အဆင့် ၄ တွင် လော့ကာအခန်းများကို အသုံးမပြုရပါ။ သို့သော် အဆင့် ၅ တွင် သင့်လျော်သော ပိုးသန့်စင်ရေး လုပ်ငန်းများဖြင့် သင်ကြားရေးဝန်ထမ်းများကို တစ်နာရီခြားဆီ အသုံးပြုခွင့်ရပါမည်။

# လုံခြုံရေး စည်းကမ်းသတ်မှတ်ချက်များ

## မျက်နှာ အဖုံးအကာများ

မျက်နှာ အဖုံးအကာတပ်ဆင်ခြင်းသည် ကျောင်းသားများနှင့် အလုပ်သမားများကို အကာအကွယ်ပေးသကဲ့သို့ ကိုဗစ်ကူးစက်မှု လျော့ချရာတွင်လည်း အရေးကြီးပါသည်။ အချို့သော ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများသည် ထူးခြားသော ကျန်းမာရေးဆိုင်ရာ အခြေအနေလိုအပ်ချက်များကြောင့် မျက်နှာ နှာခေါင်းစည်းများ တပ်ဆင်ရန် အခက်အခဲရှိကြောင်းနားလည်ပါသည်။ ထိုသူများအတွက် ကိစ္စရပ်တစ်ခုချင်းဆီအလိုက် ဆုံးဖြတ်ပေးသွားပါမည်။ ဤသည်မှ လုပ်ပိုင်ခွင့်အရပြောင်းလဲနိုင်သဖြင့် နှာခေါင်းစည်းများနှင့် ပတ်သက်သည်ဆုံးဖြတ်ချက်များကို မြို့တော်ဝန်၏ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း အစီအစဉ်အရ ထည့်သွင်း စဉ်းစားပေးသွားပါမည်။

မူလတန်းကြို Pre-K မှ ၄ တန်း

- ကျောင်းသားကျောင်းသူများအနေဖြင့် စာသင်ခန်းအတွင်း နှာခေါင်းစည်းတပ်ရန် မလိုအပ်ပါ။ သို့သော် အဆောက်အဦး၏ အခြားနေရာများ သွားရာတွင် တပ်ဆင်ရပါမည်။
- အတန်းအတွင်း လုံခြုံစိတ်ချရေးအတွက် ဆရာဆရာမများမှ ကျောင်းသားများကို နှာခေါင်းစည်း တပ်ရန် အချိန်အတိုင်းအတာတစ်ခုအထိ စေခိုင်းစေနိုင်ပါသည်။ (ဆိုလိုသည်မှ ကျောက်ကပ်စားပွဲပေါ်တွင် အုပ်စုငယ်ကျောင်းသားများ ရှိနေစဉ် ဆရာဆရာမသည် ကျောင်းသားနှင့် အနီးကပ်ရှိနေသောအခါ၊ အစရှိသဖြင့်)
- အပြင်ထွက်သည့်အခါ လူတစ်ဦးနှင့်တစ်ဦး ၆ပေအကွာ နေနိုင်သည့်အခါ နှာခေါင်းစည်းမတပ်ပါနှင့်။
- နှာခေါင်းစည်းမတပ်လိုသောအခါ ဆေးစာကို (ကျောင်းအုပ်ထံသို့) ယူဆောင်လာပါ၊ မျက်နှာအကာအကွယ် တစ်ခု ပေးပါမည်။ (ကျန်းမာရေးအရ ခွင့်ပြုလျှင်)
- နှာခေါင်းစည်းများကို ပေးထားပါမည်။

၅ တန်းမှ ၁၂ တန်း

- ကျောင်းသားကျောင်းသူများအားလုံး အစာစားချိန်မှ လွဲ၍ နှာခေါင်းစည်း တပ်ရပါမည်။
- အပြင်ထွက်သည့်အခါ လူတစ်ဦးနှင့်တစ်ဦး ၆ပေအကွာ နေနိုင်သည့်အခါ နှာခေါင်းစည်းမတပ်ပါနှင့်။

- နာခေါင်းစည်းမတပ်လိုသောအခါ ဆေးစာကို (ကျောင်းအုပ်ထံသို့) ယူဆောင်လာပါ၊ မျက်နှာအကာအကွယ် တစ်ခု ပေးပါမည်။ (ကျန်းမာရေးအရ ခွင့်ပြုလျှင်)
- နာခေါင်းစည်းများကို ပေးထားပါမည်။

ဝန်ထမ်းများ

- ဝန်ထမ်းများအားလုံး နာခေါင်းစည်းတပ်ရမည်။ (ကျန်းမာရေးအရ အခက်အခဲရှိသည်မှ လွဲ၍)
- ဝန်ထမ်းများကို နာခေါင်းစည်းများ ပေးအပ်သွားပါမည်။ (နာခေါင်းစည်းအကြည်များပါ)
- မျက်နှာအကာအကွယ်များကို ဝန်ထမ်းများ တောင်းဆိုပါက ပေးအပ်သွားမည်။

သယ်ယူပို့ဆောင်ရေး

- ဘတ်စ်ကားအတွင်း စီးနင်းသူအားလုံး နာခေါင်းစည်းတပ်ရမည်။
- နာခေါင်းစည်းမတပ်လိုသောအခါ ဆေးစာကို (ကျောင်းအုပ်ထံသို့) ယူဆောင်လာပါ၊ မျက်နှာအကာအကွယ် တစ်ခု ပေးပါမည်။ (ကျန်းမာရေးအရ ခွင့်ပြုလျှင်)

**မိဘများနှင့် အုပ်ထိန်းသူများအနေဖြင့် နာခေါင်းစည်းတပ်ခြင်းနှင့် ပက်သက်သည့် ဆေးစာကို တတ်နိုင်သမျှစောလျင်စွာ ပေးပို့ပါ။

# သိရှိရန်လိုအပ်သည်များ

- ကျောင်းဖွင့်ရက်အတွင်း ကျောင်းသားကျောင်းသူများအနေဖြင့် မျက်နှာအကာအကွယ် ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်ရန် ခွင့်ပြုသွားပါမည်။
- ခွင့်ပြုထားသောမျက်နှာအကာအကွယ်များတွင် နာခေါင်းစည်း၊ တပတ်၊ ပုဝါ၊ လည်စည်း၊လည်ပတ်များ အရောင်ပုံစံမရွေးပါဝင်ပါသည်။
- မျက်နှာကာများသည် ကျောင်းသားများအတွက် နာခေါင်းစည်းအစား တပ်ခြင်းကို ကျန်းမာရေးဆိုင်ရာ အခက်အခဲမရှိဘဲ တပ်ခွင့်မပြုပါ။ ကျောင်းတာဝန်ရှိသည်များသည် ကိုယ်အင်္ဂါချို့ ယွင်းချက်ရှိသည့် ကျောင်းသားများ၏ မိဘများကို ဆက်သွယ်နေရာချထားပေးသွားပါမည်။
- မျက်နှာအကာအကွယ်များသည် နာခေါင်း၊ပါးစပ်တို့ကို လုံခြုံစွာ ဖုံးအုပ်ထားနိုင်ရမည်။
- မျက်နှာအကာအကွယ်တွင် ဖောက်ထွင်းမှု၊ အကြမ်းဖက်မှုများ (သို့) ရိုင်းပြသော စကား အမူအယာများပါဝင်သည်ကို ခွင့်မပြုပါ။ ၎င်းတို့တွင် ကျောင်းကျော်ငြာစာတမ်းများ၊ဆေးရွက်ကြီး၊ မူးယစ်ဆေး၊ ကြိမ်ဆိုသောစာများ၊

အစုလိုက်အကြမ်းဖက် ပုံစံ စာသားများ၊ ရိုင်းပြ ဆဲဆိုမှုများ လိင်ပိုင်းဆိုင်ရာ ရည်ညွှန်းချက်များ ပါဝင်ပါသည်။

CDC မှ ချမှတ်ထားသည့် မျက်နှာအကာအကွယ် လုံခြုံစွာ ဝတ်ဆင်နည်း ဖယ်ရှားနည်းတို့ကို အောက်ပါ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

https://www.cdc.gov/coronavirus/2019-ncov/downloads/cloth-face-covering.pdf.

## ကိုယ်အပူချိန် တိုင်းတာခြင်း

- ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ အတွက် ကိုယ်အပူချိန်တိုင်းတာမှုများကို နေ့စဉ် ကျောင်းရောက်သည့် အခါတိုင်း ထိတွေ့ရန်မလိုသည့် ကိုယ်အပူချိန်တိုင်း ကိရိယာဖြင့် တိုင်းတာပေးသွားမည်။
- အပူချိန် ၁၀၀.၄ ထက်မြင့်သော ကျောင်းသားကျောင်းသူများကို ကြီးကြပ်ထားသည့် သီးခြားနေရာတွင် ထားရှိပြီး ၁၀ မိနစ်ခန့်အကြာတွင် အပူချိန် ပြန်လည်တိုင်းတာမည် ဖြစ်ပါသည်။
- ကိုယ်အပူချိန်မှာ ဆက်လက်၍ ၁၀၀.၄ အထက်ရှိပါက ကျောင်းသားကို ကျောင်းမှ လာရောက်ခေါ်ယူသွားရပါမည်။ ကျောင်းသားကို ချက်ချင်းလာကြိုရန်မှ မိဘအုပ်ထိန်းသူ၏ တာဝန်ဖြစ်ပါသည်။

## သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်း

လျင်မြန်သောတည်ဆောက်ရေး ဝန်ဆောင်မှုများအပြင် ခေတ်မီသည့် သန့်ရှင်းရေး နည်းလမ်းများကို နေ့စဉ် အကောင်ထည်ဖော်သွားပါမည်။

- သန့်ရှင်းရေး ဝန်ထမ်းများအနေဖြင့် လူထုထပ်သည့် စာသင်ခန်းပြင်ပနေရာများ အိမ်သာအပါအဝင် လူအများထိတွေ့မှုများသည့် နေရာများကို ၄ နာရီခြားတစ်ခါ သန့်ရှင်းရေး၊ ပိုးသတ်ခြင်းများ ပြုလုပ်သွားပါမည်။
- သန့်ရှင်းရေး ဝန်ထမ်းများအနေဖြင့် လူထုထပ်သည့် လူအများထိတွေ့မှုများသည့် နေရာများ စာသင်ခန်းအတွင်း၊ ဟောခန်း၊ လှေကား၊ ရုံးခန်းများ၊ အိမ်သာများ နှင့် အခြား

ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ နေ့စဉ် ကျောင်းနှင့် အလုပ်ရက်အဆုံးအသုံးချလေ့ရှိသည့် အခြားနေရာများကို ပိုးသတ်ခြင်း ပြုလုပ်သွားပါမည်။

- ဆရာဆရာမများ၊ ဝန်ထမ်းများ စာသင်ခန်းတာဝန်ကျပါက လူအများထိတွေ့များသည့် နေရာများ (ဓါတ်ခွဲခန်းအတွင်း ကီးဘုတ် မောက်စ်များ၊ စားပွဲများ၊ ထိုင်ခုံများ၊ မီးခလုတ်များ၊ တံခါးလက်ကိုင်များ) ကို စာသင်ခန်းအတွင်း ကျောင်းသားများအပြောင်းအလဲတွင် (သန့်ရှင်းရေးကို ကျောင်းသားများ ၎င်းတို့စားပွဲတွင် ရှိလက် အတန်း၏ နောက်ဆုံး ၅ မိနစ်တွင် ပြုလုပ်သွားမည်။) အခန်းတစ်ခန်းတွင် ပိုးသတ်ဆေး တစ်ဘူးဆီ ထားရှိသွားပါမည်။
- ကုန်သွားသော ပုလင်းများကို ပုလင်းအသစ်ဖြင့် လဲရန် နေရာတစ်ခုရှိပါမည်။ ဆရာဆရာမများ အနေဖြင့် စာသင်ခန်းတံခါးများကို အမြဲဖွင့်ထား၍ တံခါးလက်ကိုင်ကို လူအများထိတွေ့ခြင်း လျော့ချအောင် ပြုလုပ်ရန် အားပေးပါသည်။
- သန့်ရှင်းရေး အလုပ်သမားများအနေဖြင့် ကျောင်းဖွင့်ရက်တိုင်း၊ အလုပ်ဖွင့်ဂက်တိုင်း ဝိတ်မခန်းမများ၊ အားကစားပစ္စည်းများ ကို အဆင့် ၅ တွင် ပိုးသတ်ခြင်းများ ပြုလုပ်ရမည်။ (အဆင့် ၄ တွင် ၎င်းတို့ကို အသုံးမပြုပါ။)
- ကိုယ်ကာယလေ့ကျင့်ခန်းဆိုင်ရာ ဆရာဆရာမများနှင့် နည်းပြများအနေဖြင့် လေ့ကျင့်ခန်း ကိရိယာများကို တစ်လှည့်ဆီသုံးကား ကျောင်းသားအပြောင်းအလဲအတွင်း သန့်ရှင်းရေး ပြုလုပ်ရပါမည်။
- အားကစားကျောင်းသားကျောင်းသူများအနေဖြင့် ဝိတ်ကိရိယာများကို တစ်ရောက်သုံးပြီးတိုင်း သုတ်သင်သန့်ရှင်းခြင်း များ ပြုလုပ်ရပါမည်။
- ကလေး အဟာရ ဝန်ထမ်းများအနေဖြင့် မီးဖိုချောင်းအားလုံး နှင့် အစားအစာ မျှဝေသည့်နေရာ ကို အစာစားချိန်တစ်ခုနှင့်တစ်ခုကြား အစာစားချိန်ပြီးနောက်သော်လည်းကောင်း သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများနှင့် အညီ သန့်ရှင်းပိုးသတ်ရပါမည်။
- အားကစားကွင်းတွင်းရှိ ကိရိယာများကို တစ်ခါသုံးပြီးတိုင်း ပြန်လည်သန့်ရှင်းရပါမည်။ (ပိုးသတ်ဆေးဖြန်းရည် ပေးထားပါမည်။)
- ကျောင်းသားများ အတန်း၊ စားပွဲများ အပြောင်းအလဲပြုလုပ်သောအခါ စားပွဲများကို သန့်ရှင်းရပါမည်။
- ကျောင်းသားကျောင်းသူများသည် ကျောင်းသို့ရောက်သည်နှင့် တပြိုင်နက် နစ်နာရီခြားတစ်ခါ၊ အစာမစားခင်နှင့် စားပြီးတိုင်း၊ ပြင်ပကစားစရာကိရိယာများ ကိုင်တွယ်ပြီး မကိုင်တွယ်ခင်၊ ကျောင်းမှ မထွက်ခွာမီ လက်များကို ဆေးကြောပိုးသတ်ရပါမည်။ နေ့ လည်စာမစားမီ လက်များကို ဆပ်ပြာ နှင့် ရေများဖြင့် ဆေးကြောရန် လိုအပ်ပါသည်။
- ဝန်ထမ်းများက သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်း နည်းလမ်းများကို လေ့ကျင့်သင်ကြားပေးသွားပါမည်။
- အထောက်အကူပစ္စည်းများအားလုံးကို ပိုးသတ် သန့်ရှင်းသွားပါမည်။

- မျှဝေအသုံးပြုသော နည်းပညာစက်ပစ္စည်းများကို နောက်ကျောင်းသားများ အသုံးမပြုမီ သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။ သန့်ရှင်းရေး ဆေးရည်ကို တပတ်တွင်ဖြန်းကာ မျက်နှာပြင်ပေါ်သို့ သုတ်၍ သန့်ရှင်းပါသည်။ စက်ပစ္စည်းများကို မည်သည့်အခါမျှ တိုက်ရိုက် ဆေးရည်နှင့် ဖြန်းခြင်း၊ ရေစွတ်ထားသော တပတ်ဖြင့်ဖြန်းခြင်း မပြုလုပ်ရပါ။

## လူတစ်ဦးနှင့်တစ်ဦးကြား အကွာအဝေးခြားနေထိုင်ခြင်းနည်းလမ်းများ

ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများသည် အတတ်နိုင်ဆုံး အကွာအဝေးခြား နေထိုင်ခြင်းကို ကျင့်သုံးပါမည်။

- အကာများကို အဆောက်အဦးများအတွင်း တစ်ဦးနှင့်တစ်ဦး ကွာခြားနေနိုင်ရန် သတိပေးအဖြစ်ထားသွားပါမည်။
- အရှေ့ရုံးနေရာများတွင် အကာအကွယ်များ တပ်ဆင်သွားပါမည်။
- စားပွဲများ၊ ခုံများကို အများဆုံး ကျောင်းသားတစ်ယောက်နှင့် တစ်ယောက်ကွာခြားနေနိုင်ရန် ခြားထားပါမည်။ အသုံးမပြုသည့် ပရိဘောဂများ နှင့် ပစ္စည်းများကို နေရာလွတ်ကျန်စေရန် ဖယ်ရှားသွားမည်။
- ကျောင်းသားများသည် ကျောင်းသို့ရောက်သည်နှင့် စာသင်ခန်းများကို တိုက်ရိုက်သတင်းပို့ရမည်။
- ခွင့်ပြုထားသော ကျောင်းသားအစုလိုက်ပမာဏသည် တနေ့တာအတွင်း မနက်စာ၊ နေ့လည်စာ၊ ကိုယ်ပိုင်အချိန် နှင့် ကျောင်းလွှတ်သည့် အချိန်များတွင် အတတ်နိုင်ဆုံး အတူတကွ ရှိနေရပါမည်။
- ရွေ့ လျားသွားလာမှုများကို အတတ်နိုင်ဆုံးလျော့ချရပါမည်။ ကျောင်းများသည် အချိန်ဇယားအလိုက် အပြောင်းအလဲများကို နေ့လည်စားစာချိန် ၊ အတန်းတစ်ခုနှင့် တစ်ခုအကြား (လိုအပ်သလို) နှင့် ကျောင်းလွှတ်သည့်အခါ တို့တွင် ပြုလုပ်သွားပါမည်။ ကျောင်းများသည် ဟောခန်းအတွင်း ကျောင်းသားအရေအတွက်ကို ကန့်သတ်ထားပါမည်။
- အများသုံးဘုံနေရာများ ဖြစ်သည့် ရေပန်းများကို ပိတ်ထားပါမည်။ ရေဘူများကို ကျောင်းသားများထံ ပေးအ ပ်သွားမည် ဖြစ်ပြီး ရေဖြည့်ရန် နေရာများကိုလည်း စီစဉ်ပေးသွားပါမည်။
- ကျောင်းသားများ၏ ပစ္စည်းများကို တစ်ယောက်နှင့်တစ်ယောက်ခွဲထားပါမည်။
- လျပ်စစ်ပစ္စည်းများ၊ ကစားစရာများ၊ စာအုပ်များ နှင့်အ ခြားဂိမ်းများ (သို့) သင်ထောက်ကူပစ္စည်းများကို မျှဝေခြင်းရှောင်ရှားကာ အသုံးပြုသူတစ်ဦးအပြီး သန့်ရှင်းခြင်း ပိုးသတ်ခြင်းများ ရှောင်ရှားသွားရပါမည်။

- ကျောင်းဖွင့်ရက် တစ်ရက်တာအတွင်း ကျောင်းသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦးထိတွေ့ခြင်းကို ရှောင်ရှားရပါမည်။

## သင်၏ ကလေးအား ကျောင်းသို့မပို့မီ

### နေ့စဉ် ကိုဗစ် မှတ်စု နှင့် လက္ခဏာ စစ်ဆေးခြင်း

ကျောင်းသို့ ကိုဗစ်ရောဂါ ကူးစက်ခံရခြင်းကင်းဝေးရန် အရေးအကြီးဆုံး လုပ်ဆောင်ရမည့်အချက်တစ်ခုမှာ နေ့စဉ် သင်၏ကလေးကို အိမ်မှ မထွက်ခွာမီ ကိုဗစ်ရောဂါ စစ်ဆေးခြင်း မှတ်စု ပြုလုပ်ခြင်းဖြစ်သည်။ အောက်ပါ ဖုန်းအပလီကေးရှင်းကို အခမဲ့ရယူနိုင်ပါသည်။

https://myhealthchampion.com/hcapp/

မေးခွန်းများကို စာရွက်ကော်ပီရယူလိုပါက အောက်ပါလင့်ခ်ကို လိုက်ခ်လုပ်ပါ။ (ဖောင်ကို စပိန်နှင့် မြန်မာဘာသာဖြင့် လည်း ရရှိနိုင်ပါသည်။ )

၁၀၀.၄ နှင့်အထက် အဖျားရှိခြင်းသည် ကလေးငယ်များအတွက် အဓိက ဖော်ပြချက်ဖြစ်ပါသည်။ အခြားလက္ခဏာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုံမှန်မဟုတ် ပြင်းထန်သောချောင်းဆိုးခြင်း
- အသက်ရှူမြန်ခြင်း (သို့) အသက်ရှူရခက်ခဲခြင်း
- ခေါင်းကိုက်ခြင်း
- လည်ချောင်းနာခြင်း
- အရသာ နှင့် အနံ့ ခံနိုင်မှု ဆုံးရှုံးခြင်း
- ကြွက်သားများ နာကျင်ခြင်း
- ဝမ်းသွားခြင်း (အဖျားအပါဝင်)

ကလေးများမှ ဖျားနေသည့် ပုံပြလျှင်သော်လည်းကောင်း မပြလျှင်သော်လည်းကောင်း တစ်နေ့တာလုံး ကိုယ်အပူချိန်ကို စောင့်ကြည့်ပြီး လက္ခဏာရပ်များကို စောင့်ကြည့်ရန် ဆက်လက်ဆောင်ရွက်ပါ။

ကလေးမှ ကိုဗစ် မရှိဟု စမ်းသပ်ရရှိသော်လည်း အဖျားရှိနေပါက ကလေးကို ကျောင်းသို့မလာခင် ၂၄ အတွင်း အဖျားကင်းစင်နေရပါမည်။

## ကိုယ်အပူချိန်တိုင်းတာခြင်း

- မိသားစုဝင်များသည် မိမိတို့ ကလေးများကို ကျောင်းသို့မသွားမီ ကိုယ်အပူချိန်တိုင်းတာရပါမည်။ ကလေးတွင် အဖျား ၁၀၀.၄ ထက်ပိုပါက အိမ်တွင်သာ နေခိုင်းသင့်သည်။
- ကျောင်းသားကျောင်းသူများ၏ အောက်ပါလက္ခဏာရပ်များကို မပြတ်စောင့်ရှောက်ကြည့်ရှုနေရန် တိုက်တွန်းပါသည်။ အဖျား၊ ချောင်းဆိုးခြင်း၊ နှာဆေးခြင်း၊ အသက်ရှူရခက်ခြင်း၊ ချမ်းအေးခြင်း၊ ကြွက်သားနာကြင်ခြင်း၊ လည်ချောင်းနာခြင်း၊ အရသာအနံ့ ခံနိုင်မှု ဆုံးရှုံးခြင်း၊ မောပန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း နှင့် ဝမ်းသွားခြင်း တို့ဖြစ်ပါသည်။ ကလေးတွင် ထိုလက္ခဏာရပ်များတွေ့ပါက ကျန်းမာရေး အကူအညီရယူပါ။ ထိုလက္ခဏာရပ်များ ပြနေသော ကျောင်းသားကျောင်းသူများသည် ကျောင်းမတက်သင့်ပါ။

## လက်များကို ဆေးကြောခြင်း

- သင်၏ ကလေးကို ဘတ်စ်ကားပေါ်မတက်မီ (သို့) ကျောင်းသို့မရောက်မီ ၎င်းတို့၏ လက်များကို ဆပ်ပြာ၊ ရေ တို့ နှင့် အနည်းဆုံး စက္ကန့် ၂၀ ကြာ ဆေးကြောပေးပါ။ ဆပ်ပြာ နှင့် ရေတို့ မရရှိနိုင်ပါက အနည်းဆုံး အရက်ပြန် ၆၀ % ပါသည် အရက်ပြန် လက်သန့်ဆေးရည် ကို သုံးပါ။

## မျက်နှာ အကာအကွယ် ထုတ်ပိုးပေးပါ။

- ကလေးများကို ကျောင်းသို့မပို့မီ မျက်နှာအကာအကွယ်တစ်ခု ပေးပါ။ မျက်နှာအကာအကွယ်များသည် ၃ တန်းမှ ၁၂ တန်းအထိ ကျောင်းသားကျောင်းသူများ အတွက် သယ်ယူပို့ဆောင်ရေး နှင့် ကူးပြောင်းရေးတို့အတွက် လိုအပ်ပါသည်။ ၅ တန်းမှ ၁၂ တန်းအထိ ကလေးများအတွက် စာသင်ခန်းအတွင်း မျက်နှာအကာအကွယ်များ လိုအပ်ပါသည်။ မူကြို မှ ၂ တန်းထိ ကျောင်းသားကျောင်းသူများသည်လည်း မျက်နှာအကာအကွယ် ဝတ်ဆင်ရန် တိုက်တွန်းပါသည်။

## ရေဘူးထည့်ပေးပါ။

- ကျောင်းရှိရေပိုက်ရေပန်းများကို အသုံးမပြုရပါ။ သို့သော် ရေဘူးဖြည့်သည့် နေရာများကို ဆက်လက်ဖွင့်ပေးထားပါမည်။ ကျောင်းဖွင့်ရက်တလျောက် ကျောင်းသားကျောင်း သူများသည် ရေပုလင်းကို သယ်ဆောင်ခွင့် ပြုပါမည်။

## ကိုဗစ် ၁၉ ရောဂါဆိုင်ရာ အခြေအနေတုံ့ပြန်ချက်များ

ကျောင်းသား၊ကျောင်းသူများမှကျန်းမာရေးဝန်ထမ်း (သို့) စမ်းသပ်ချက်တစ်ခု၏ ရောဂါစမ်းစစ်ချက်အရ **ကိုဗစ်ရောဂါပိုးတွေ့ရှိ**သည်ဟုဆေးစစ်ချက်ရသော တစ်စုံတစ်ယောက်နှင့် **အနီးကပ်ထိတွေ့** ဆက်ဆံခဲ့သည် ( ၆ ပေအကွာထက် ပို၍နီးကပ်စွာ ၁၅ မိနစ်ထက်ပို၍ နေထိုင်ခဲ့ခြင်းကိုဆိုလိုသည်။) ဟုသိရပါက မိဘများကို **သတိပေး အကြောင်းကြားသွားမည်** ဖြစ်ပါသည်။ သတိပေးအကြောင်းကြားခြင်း လုပ်ငန်းစဉ်သည် ကန်ဟောင်ခရိုင် ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်များ အရစီစဉ်ထားပါသည်။

| ကျောင်းတွင် ဖြစ်ပေါ်နိုင်ပေါ် အခြေအနေများ နှင့် လုပ်ဆောင်ရမည့် အဆင့်များ | | |
|---|---|---|
| ကျောင်းသား၊ကျောင်းသူ နှင့် ဝန်ထမ်းများ အတည်ပြုပြီးခြင်း (သို့) ရောဂါလက္ခဏာပြ၍ ရလာဒ်စောင့်ဆိုင်းနေခြင်း (သို့) အနီးကပ် ရှိခဲ့ခြင်း | | |
| အခြေအနေ ၁ | အခြေအနေ ၂ | အခြေအနေ ၃ |
| ကျောင်းအတွင်းရှိ ကျောင်းသား ၊ကျောင်းသူနှင့် ဝန်ထမ်းတစ်ဦးဦးမှ ကိုဗစ်ရောဂါရှိကြောင်း အတည်ပြုပြီးခြင်း<br><br>အတည်ပြုထားသည့် ပိုးရှိ ကျောင်းသား၊ ဝန်ထမ်းသည် အိမ်တွင် သီးခြားနေရမည်။ ထိုကျောင်းသား ဝန်ထမ်းကို အောက်ပါအခြေအနေမတိုင်ခင် ကျောင်းသို့လာရောက်ခြင်းမပြုပါ။<br><br>အနည်းဆုံး ၂၄ နာရီကျော်အထိ အဖျားမရှိ (အဖျားကျဆေးများ သုံး၍ မဟုတ်ဘဲ) ပါက၊ အခြားလက္ခဏာများ ပြန်လည်ကောင်းမွန်လာပါက၊ | ကျောင်းအတွင်းရှိ ကျောင်းသား၊ကျောင်းသူ နှင့် ဝန်ထမ်းများ တစ်ဦးဦးမှ ရောဂါလက္ခဏာပြ၍ ကိုဗစ်ရောဂါ ရှိမရှိ ဓါတ်ခွဲခန်းအဖြေ စောင့်ဆိုင်းနေခြင်း<br><br>ရောဂါတွေ့ရှိပါက အခြေအနေ ၁ ကိုကြည့်ပါ။ မတွေ့ရှိပါက ကျောင်းသို့မလာမီ ၂၄ နာရီကြာ ကျောင်းသား၊ ဝန်ထမ်းသည့် ဆေးကြောင့်မဟုတ် | ကျောင်းအတွင်းရှိ ကျောင်းသား ၊ကျောင်းသူ နှင့် ဝန်ထမ်းများ တစ်ဦးဦးမှ ကိုဗစ်ရောဂါရှိသည်ဟု အတည်ပြုထားသော သူနှင့် အနီးကပ် ရှိနေခဲ့ခြင်း<br><br>ကွာရမ်တင်းဝင်ရမည့် ကျောင်းသား၊ ဝန်ထမ်း၏ မိသားစုဝင်၊ အတန်းဖော်များ နှင့် ဆရာဆရာမများသည် ကျောင်းဆက်လက်တက်ကာ လက္ခဏာများစောင့်ကြည့် သင့်ပါသည်။ |

| | | |
|---|---|---|
| ပထမဆုံး လက္ခဏာပြသည့်ရက်မှ ၁၀ ရက်တာ ကြာသောအခါ။<br><br>ကွာရမ်တင်းဝင်ရမည့် ကျောင်းသား၊ ဝန်ထမ်း၏ မိသားစုဝင်၊ အတန်းဖော်များ နှင့် ဆရာဆရာမများ လူနာနှင့် အနီးကပ်ရှိခဲ့သော သူများကို ၁၄ ရက် ခွဲခြားထားပါမည်။ | ဘဲ ရောဂါလက္ခဏာများ မပြတော့ပါက။<br><br>ရလာဒ်စောင့်ဆို င်းနေသည့် ကျောင်းသား၊ ဝန်ထမ်း၏ မိသားစုဝင်၊ အတန်းဖော်များ မိသားစုဝင်၊ အတန်းဖော်များ နှင့် ဆရာဆရာမများ ကို ရလာဒ်စောင့်ဆိုင်းနေစဉ် လက္ခဏာရပ်များ စောင့် ကြည့်သင့်ပါသည်။<br><br>လက္ခဏာများတွေ့ပါက ကျန်းမာ ေ ရး စောင့် ေ ရှာက်သူများကို ကိုဗစ် စစ်ဆေးရန်အတွက် ဆက်သွယ်သင့်ပါသည်။ | လက္ခဏာများ ပြပါက ကျန်းမာ ေ ရးစောင့်ရှောက်သူများကို ကိုဗစ်ရောဂါ စစ်ဆေးဂုန် ဆက်သွယ်သင့်သည်။ |

*ကိုဗစ်ရောဂါ ရှိသည်ဟု အတည်ပြုထားသူနှင့် အနီးကပ်ရှိခဲ့သည် ဆိုသည်မှ ရောဂါပိုးအတည်ပြုထားသူနှင့် အနည်းဆုံး ၁၅ မိနစ်အကြာ နှာခေါင်းစည်းတပ်၍သော် လည်းကောင်း မတပ်၍သောလည်းကောင်း ၆ ပေ အတွင်းရှိနေခဲ့သူကို ဆိုလိုပါသည်။

<table>
<tr><th colspan="3">ကျောင်းတွင် ဖြစ်ပေါ်နိုင်ပေါ် အခြေအနေများ နှင့် လုပ်ဆောင်ရမည့် အဆင့်များ</th></tr>
<tr><th colspan="3">ကျောင်းသား၊ကျောင်းသူ၏ မိသားစုဝင်တစ်ဦး အတည်ပြုပြီးခြင်း (သို့) ရောဂါလက္ခဏာပြ၍ ရလာဒ်စောင့်ဆိုင်းနေခြင်း (သို့) အနီးကပ် ရှိခဲ့ခြင်း</th></tr>
<tr><td>အခြေအနေ ၁</td><td>အခြေအနေ ၂</td><td>အခြေအနေ ၃</td></tr>
<tr><td>၁။ ကျောင်းအတွင်းရှိ ကျောင်းသား၊ကျောင်းသူ၏ မိသားစုဝင်တစ်ဦးဦးမှ ကိုဗစ်ရောဂါရှိကြောင်း အတည်ပြုပြီးခြင်း<br><br>အတည်ပြုထားသည့် ပိုးရှိမိသားစုဝင်နှင့်တစ်အိမ်ထဲနေသည့်<br><br>ကျောင်းသား သည် ထိုလူနာ သီးခြားထားခြင်း (၁၀ ရက်) ရှိစဉ် ကျောင်းမှ ခွဲခြားထားမည်။ ထိုကျောင်းသား သည် ထိုလူနာနှင့် အနီးကပ်ရှိခဲ့သည့် နောက်ဆုံးရက်မှ ၁၄ ရက်အတွင်း ကွာရမ်တင်းဝင်ရမည်။</td><td>ကျောင်းအတွင်းရှိ ကျောင်းသား၊ကျောင်းသူ၏ တစ်အိမ်တည်းနေ မိသားစုဝင်မှ ရလာဒ်များစောင့်ဆိုင်းနေစဉ် ထိုကျောင်းသားကို ကျောင်းမှ ဖယ်ထားရမည်။<br><br>ထိုမိသားစုဝင်သည် ရောဂါတွေ့ရှိပါက အခြေအနေ ၁ ကိုကြည့်ပါ။ မတွေ့ရှိပါက ကျောင်းသို့ ပြန်လာနိုင်သည်။</td><td>ကျောင်းသားသည် ကျောင်းတွင် ဆက်နေနိုင်သည် သို့သော် စောင့်ကြည့်နေသင့်ပါသည်။<br><br>ကိုဗစ် ရောဂါလက္ခဏာများ မိသားစုဝင်တွင် တွေ့ရပါက ကျောင်းသားများကို ကျောင်းမှ ဖယ်ထားကာ အခြေအနေ ၂ ရလာဒ်စောင့်ကြည့်အခြေအနေအတိုင်း ဆက်ဆံရပါမည်။</td></tr>
</table>

*ကိုဗစ်ရောဂါ ရှိသည်ဟု အတည်ပြုထားသူနှင့် အနီးကပ်ရှိခဲ့သည် ဆိုသည်မှ ရောဂါပိုးအတည်ပြုထားသူနှင့် အနည်းဆုံး ၁၅ မိနစ်အကြာ နှာခေါင်းစည်းတပ်၍သော်လည်းကောင်း မတပ်၍သောလည်းကောင်း ၆ ပေ အတွင်းရှိနေခဲ့သူကို ဆိုလိုပါသည်။

*ရောဂါကိုယ်ခံအားကောင်းသည့် ပိုမိုပြင်းထန်သော ဖျားနာမှုအတွက် အနည်းဆုံး ရက် ၂၀ အထိ ဖြစ်နိုင်ပါသည်။

# <u>သယ်ယူပို့ဆောင်ရေးနှင့် ဘတ်စ်ကား စီးနင်းမှုဆိုင်ရာ နည်းနာညွှန်ကြားချက်</u>

# ယေဘုယျ လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**A.M ဘတ်စ်ကားများစောင့်ဆိုင်းရာတွင်း လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ**

၁။ မိဘများသည် မိမိသားသမီး ကျောင်းသားကျောင်းသူများ ဘတ်စ်ကားမှတ်တိုင်သို့ သတ်မှတ်အချိန်ဇယား အတိုင်း ကျောင်းကြိုသည့် အချိန်ထက် ၁၀မိနစ် စော၍ ရောက်ရှိရန် တာဝန်ရှိပါသည်။ (ဒရိုင်ဘာသည် ဟွန်းတီး၍သော်လည်းကောင်း အချိန်ကိုငဲ့ညှာသည့်အားဖြင့် ကျောင်းသားကိုစောင့်ဆိုင်းမည် မဟုတ်ပါ။)

၂။ ကျောင်းသားကျောင်းသူများ၏ ဘတ်စ်ကားမှတ်တိုင်မှ အမူအကျင့်ကို စောင့်ကြည့်ရန်မှာ မိဘတာဝန် ဖြစ်သည်။

၃။ ကျောင်းပိုင်ဆိုင်မှု နှင့် ဘတ်စ်ကားအတူတူစီးနင်းလိုက်ပါသည့် အခြားသူများကို လေးစားပါ။

၄။ ကားလမ်းမမှ နောက်သို့ ဆုတ်၍ စောင့်ဆိုင်းပါ သို့ မဟုတ် လူသွားလမ်းပေါ်မှစောင့်ပါ။ ၁၀ ပေထက်ကျော်၍ ကားလမ်းပေါ်သို့နီးကပ်စွာမရပ်ပါနှင့်။

၅။ ဘတ်စ်ကားမှတ်တိုင်တွင် လူတစ်ဦးနှင့် တစ်ဦးအကွာအဝေးခြားနေထိုင်ခြင်း ကျင့်သုံးပါ။

၆။ ဘတ်စ်ကားလွတ်သွားပါက အိမ်သို့ချက်ချင်းပြန်ပါ။

၇။ ကျောင်းသားများ ဘတ်စ်ကားမမှီလိုက်ပါက မိဘများတွင် ကျောင်းသားကျောင်းသူများ အခြားသယ်ယူပို့ဆောင်ရေး တစ်ခုခုစီစဉ်ပေးရန် တာဝန်ရှိပါသည်။

**လုံခြုံစွာ လိုက်ပါစီးနင်းခြင်း လမ်းညွှန်ချက်များ**

၁။ စာသင်ခန်းအတွင်းတွင်ကဲ့သို့လိုက်နာကျင့်သုံးနေထိုင်ပါ။

၃။ဘတ်စ်ကားပေါ်တွင် အစားအသောက်များစားခြင်း မပြုလုပ်ပါနှင့်။

၄။ ဒရိုင်ဘာသည် ခုန်နေရာချထားရန် တာဝန်ရှိသူဖြစ်သဖြင့် အတူလက်တွဲလိုက်နာလုပ်ဆောင်ပါ။
၆။ ထိုင်ခုံပေါ်တွင် အချိန်ပြည့်ထိုင်ပါ။
၅။ ဘတ်စ်ကားစီးနင်းသူတိုင်း မျက်နှာဖုံးအကာအကွယ် တပ်ဆင်ရမည်။

**ဘတ်စ်ကား အဆင်းအတက်**

၁။ ဘတ်စ်ကားပေါ်သို့တက်သည့်အခါ ဘတ်စ်ကားအရှေ့တွင်ထားသည့် လက်သန့်ဆေးရည်ကို သုံးပါ။
၂။ ဘတ်စ်ကားပေါ်ကဆင်းလိုသည့်အခါ ဘတ်စ်ကား အပြီးမရပ်ခင်အထိ ထိုင်ခုံတွင်ထိုင်နေပါ။
၃။ ဘတ်စ်ကားပေါ်မှ ခုန်ဆင်းခြင်း မည်သည့်အခါမျှ မပြုလုပ်ပါနှင့်။
၄။ လမ်းကူးသည့်အခါ ဒရိုင်ဘာနှင့် အကြည့်ချင်းဆုံ သဘောတူညီမှု ရှိပါ။
၅။ ဘတ်စ်ကားအောက်သို့ ပစ္စည်းများကောက်ယူရန် မည်သည့်အခါမျှ ကားအောက်သို့ မဝင်ပါနှင့်။

**ဖျားနာခြင်း**

၁။ တစ်နေ့တာအတွင်း ကျောင်းသားကျောင်းသူတစ်ယောက် ဖျားနာပါက ၄င်းတို့သည် အုပ်စုလိုက်သယ်ယူပို့ဆောင်ရေးကို လုံးဝအသုံးမပြုဘဲ အိမ်သို့ပြန်ပါ။
၂။ ကျောင်းသို့မလာမီ ကျောင်းသားကျောင်းသူ ဖျားနာနေပါက ထိုကျောင်းသားကျောင်းသူကို အုပ်စုလိုက် သယ်ယူပို့ဆောင်ရေး ပေါ်သို့ လုံးဝ မစီးနင်းပါစေနှင့်။
၃။ ကျောင်းသားကျောင်းသူတွင် အဖျားရှိခဲ့ပါက (၂၄ နာရီအတွင်း) (သို့) လက်ရှိဖျားနာနေပါက ၄င်းတို့ကို အုပ်စုလိုက်သယ်ယူပို့ဆောင်ရေး လုံးဝအသုံးမပြုရပါ။

**ဘတ်စ်ကား စီးနင်းရန် စာရင်းသွင်းခြင်း**

ဘတ်စ်ကား စီးနင်းသည့် ကျောင်းသားအရေအတွက် မိဘများ၊အုပ်ထိန်းသူများကို ၄င်းတို့၏ ကလေးများကို ကျောင်းသို့ကားမောင်းပို့ဆောင်ခြင်းကို လျော့နည်းစေရန် အားပေးပါသည်။
ထိုအတွက် ကျွန်ုပ်တို့သည် မူလတန်းကျောင်းမှ ၀.၅ မိုင်၊ အလယ်တန်းနှင့် အထက်တန်းကျောင်းမှ ၁ မိုင် အကွာဝေးဖြင့် လမ်းလျှောက်ရန် ပြင်းပြင်းထန်ထန် တိတိကျကျ ဆောင်ရွက်ရန် သတိပေးထားပါသည်။

သယ်ယူပို့ဆောင်ရေးလိုအပ်ပါက ဘတ်စ်ကားပေါ်တွင် ကျောင်းသားကျောင်းသူများ အရေအတွက်မျှတစွာလိုက်ပါနိုင်ရန် ဘတ်စ်ကားမှတ်တိုင်များခွဲခြားနိုင်ရန် ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ အောက်ပါဖောင်တွင် စာရင်းသွင်းရန် မေတ္တာရပ်ခံပါသည်။ ဩဂုတ်လ ၁၇ ရက်နေ့နောက်ပိုင်း သယ်ယူပို့ဆောင်ရေး ဆိုင်ရာ စာရင်းသွင်းသူများကို ဘတ်စ်ကားပေါ်တွင် နေရာရသည်အထိ စောင့်ဆိုင်းစာရင်းတွင် ထည့်သွင်းသွားပါမည်။

## ဘတ်စ်ကား စာရင်းသွင်းဖောင်

## ဘတ်စ်ကားအပြောင်းအလဲ မေတ္တာရပ်ခံချက်

ထုတ်ပြန်ထားသည့် ဘတ်စ်ကား သည်ယူပို့ဆောင်နိုင်မှုစွမ်းရည် လမ်းညွှန်ချက်များအရ ကျောင်းသားကျောင်းသူများ အစုဖွဲ့ရောနှောထားခြင်းကို အတတ်နိုင်ဆုံးလျှော့ချသွားရန် ကျောင်းသားကျောင်းသူများသည် ကျောင်းသွားကျောင်းပြန်ကို ဘတ်စ်ကားတစ်စီးတည်းသာ စီးနင်းရပါမည်။ ထို့ကြောင့် ဘတ်စ်ကား ပြောင်းစီးရန် ခွင့်ပြုချက်ကို ခုံရုံး ဆုံးဖြတ်ချက်အရသာ ပေးသွားပါမည်။ စာရွက်စာတမ်းများ ဖိုင်တွင်ရှိရပါမည်။

**အစားအစာ ဝန်ဆောင်မှု**

**အဆင့် ၃**

- နွေဦးတွင် အကောင်အထည်ဖော်ထားသည့် အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

**အဆင့် ၄**

K-4 အစားအသောက် ပြင်ဆင်ရေး နှင့် ဖြန့်ဝေရေး အပြောင်းအလဲများ

- ပစ္စည်းများ တစ်ခုချင်းဆီအလိုက် ထုတ်ပိုးခြင်း
- မနက်စာ နှင့် နေ့လည်စာများကို အတန်းထဲတွင် စားသုံးနိုင်ရန် တစ်ခန်းချင်းဆီသို့ ပို့ဆောင်ခြင်း။
- အခန်းပြင်ပတွင် အသုံးပြုရန် စာသင်ခန်းအဆောက်အဦးတစ်ခုဆီတွင် ပျော်ပွဲစားစားပွဲ အလုံး (၂၀)

အလယ်တန်း နှင့် အထက်တန်းကျောင်း

- ပစ္စည်းများ တစ်ခုချင်းဆီအလိုက် ထုတ်ပိုးခြင်း
- မြေအောက်ခန်း (LMS) နှင့် Aux Gym (LHS) များကို တစ်ဦးနှင့်တစ်ဦးအကွာအဝေးခြား နေထိုင်နိုင်ဂ္ဂန် အစီအစဉ်များထပ်မံချထားနိုင်ရန် အသုံးပြုပါမည်။
- USDA နှင့် MDE ညွှန်ကြားချက်များနှင့် အညီ ထူးခြားပြောင်းလဲသည့် အချိန်စာရင်းများကြောင့် အချိန်မမှီလိုက်သော နေ့လည်စာများအတွက် အထုပ်များကို ပြန်လည်ဝေမျှသွားမည် ဖြစ်ပါသည်။

## ကလေးထိန်းစောင့်ရှောက်ခြင်း

Lakeview ကျောင်းခရိုင်သည် ကိုဗစ် ၁၉ ရောဂါကြောင့် ကျောင်းများပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်နိုင်သည့်အခါ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများ၏ လုံခြုံရေးကို ဦးစားပေးကာ ကလေးထိန်းစောင့်ရှောက်ခြင်း ဝန်ဆောင်မှုကို ဆက်လက်ပံ့ပိုးနိုင်ရန် လုံ့လဆိုက်ထုတ် ကျိုးပမ်းလျက်ရှိပါသည်။ လိုင်စင်ထုတ်ပေးရေး နှင့် စည်းမျဉ်းစည်းကမ်းများ ရေးရာ လမ်းညွှန်ချက်များနှင့် အညီ Lakeview ကျောင်းပြန်လည်ဖွင့်လှစ်ရာတွင် ကလေးထိန်းစောင့်ရှောက်ရေး လမ်းညွှန်ချက်များ ထုတ်ထားပြီး ၎င်းအစီအစဉ်များတွင် ပြန်လည်ဖွင့်လှစ်ရေး နှင့် လုံခြုံစွာ ဝန်ဆောင်မှုပေးနိုင်ရေး ကိရိယာ အရင်းအမြစ်များ ပါဝင်ပါသည်။ ထိုဝန်ဆောင်မှုများကို ပေးနိုင်ရန် အလုံခြုံဆုံးနည်းလမ်းမှာ လူတစ်ဦးနှင့် တစ်ဦးခြား အကွာအဝေးခြားနေထိုင်ခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ ပိုးသတ်ခြင်း နှင့် ဝန်ထမ်းများကို PPE ဝတ်ဆုံဝတ်ဆင်ပေးခြင်း၊ ဝန်ထမ်းများအား ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များ သင်တန်းပေးခြင်း တို့ဖြစ်ပါသည်။

> ၂၀၂၀၊ ၂၀၂၁ စာသင်နှစ်အတွင်း ကျောင်းနေရာသုံးနေရာတွင် မူကြိုမှ အဆင့် ၄ အထိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းမတိုင်မီ နှင့် ကျောင်းအပြီး ကလေးထိန်းအစီအစဉ်များကို ပံ့ပိုးသွားပါမည်။ ထိုအကူအညီအသုံးပြုလိုသည့် မိဘများသည် နှစ်အနည်းငယ်ကြိုတင်၍ လျှောက်လွှာများကို တင်သွင်းရပါမည်။ လင့်ခ်ကို အောက်ပါအတိုင်းရယူနိုင်ပါသည်။

# ကလေးထိန်းဝန်ဆောင်မှု ဝက်ဘ်ဆိုက်

ပုံမှန်ကျောင်းဖွင့်ရက်အတွင်း လိုအပ်ချက်များအတိုင်း ကလေးထိန်းဝန်ဆောင်မှုအတွက် အကျုံးဝင်ပါသည်။ ထို့အပြင် ပြည်နယ် လိုင်စင်ထုတ်ပေးရေးနှင့် စည်းမျဉ်းစည်းကမ်းများရေးရာ လိုအပ်ချက်များလည်း အကျုံးဝင်ပါသည်။

# နည်းပညာ

**ကျောင်းသား၊ကျောင်းသူများ လေ့လာသင်ယူရေး စီမံခန့်ခွဲမှုဆိုင်ရာ စနစ်များ**

လေ့လာသင်ယူရေး စီမံခန့်ခွဲမှု စနစ် (LMS) သည် ဆရာ၊ဆရာမများအား အကြောင်းအရာများကို အွန်လိုင်းပေါ်တွင် ကျောင်းသားများ အချိန်မရွေးနေရာမရွေး ရယူလေ့လာနိုင်ရန် တင်ထားနိုင်ပါသည်။ ဆရာ၊ဆရာမများသည် အိမ်စာများ၊ ဉာဏ်စမ်းများ၊ နှင့် စာမေးပွဲများကို တင်သွင်းနိုင်ပြီး မေးခွန်းဆွေးနွေးချက်များ၊ လုပ်ဆောင်ချက်များ (သို့) ယေဘုယျ ပစ္စည်းများဖြစ်သည့် မှတ်စု၊ ဓါတ်ပုံများ၊ (သို့) ဗီဒီယိုများကို ကျောင်းသားများရယူနိုင်ရန် တင်သွင်းနိုင်ပါသည်။ အိမ်စာလေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား၊ကျောင်းသူများသည် LMS တွင် တိုက်ရိုက်တင်သွင်း၍ (သို့မဟုတ်) ဆရာ၊ဆရာမထံသို့ လူကိုယ်တိုင်တိုက်ရိုက် တင်သွင်းနိုင်ပါသည်။

LMS အား ပညာသင်နှစ်တစ်လျှောက် ကျွန်ုပ်တို့ မျက်နှာချင်းဆိုင်ဆုံနိုင်သည်ဖြစ်စေ အွန်လိုင်း လေ့လာသင်ကြားရေးသုံးသည်ဖြစ်စေ အသုံးပြုသွားပါမည်။

- Google Classroom- ဂူဂယ်စာသင်ခန်းသည် အခမဲ့လေ့လာသင်ယူရေးစနစ်တစ်ခုဖြစ်ပြီး ခရိုင်၏ ပညာရေးအထောက်အကူပြု ဂူဂယ် အပလီကေးရှင်း အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ စာသင်ခန်းသည် ရိုးရှင်းသောဆက်ဆံရေးကြားခံရှိပြီး အခြားဂူဂယ် အပလီကေးရှင်းများနှင့် အလုပ်တွဲဖက်လုပ်ဆောင်နိုင်ကာ K-6 ကျောင်းသားကျောင်းသူများ နှင့် ဆရာ၊ဆရာမများအတွက် ရွေးချယ်စရာ LMS တစ်ခုဖြစ်ပါသည်။
- Schoology (Enterprise Edition)- ဂူဂယ်လ်စာသင်ခန်းနှင့် အလားတူပါသည်။ သို့သော် Schoology သည် ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအချင်းချင်း အပြန်အလှန် ဆက်သွယ်ပေါင်းစပ်လုပ်ကိုင်နိုင်ရန် ပိုမိုနိုင်မာသည့် ကိရိယာအစုအစည်းများပါရှိပါသည်။ Enterprise edition သည် အခကြေးငွေပေးရသော ဝန်ဆောင်မှုဖြစ်ပြီး Grade 7 မှ Grade 12 အထိ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလုံးအတွက် ရွေးချယ်ထားသည့် LMS တစ်ခုဖြစ်ပါသည်။

## Chromebooks ခရုန်းစာအုပ်များ ( Grade 7 မှ Grade 12 အထိ)

- ၂၀၂၀၊ ၂၀၂၁ ခုနှစ် စာသင်နှစ်မှစ၍ Grade 7 မှ Grade 12 အထိ ကျောင်းသားကျောင်းသူများအားလုံးသည် သတ်မှတ်ထားသည့် Chromebook ခရုန်းစာအုပ်၊ Chromebook အဖုံး၊ Chromebook အားသွင်းစက်တစ်ခုကို မိဘာသဘောတူညီချက်လက်မှတ်ရေးထိုးထားသည့် လက်မှတ်ဖြင့် အိမ်သို့ သယ်ဆောင်ခွင့်ရရှိပါမည်။
- အဖွဲ့တစ်ခုချင်းဆီ၏ SES အပေါ်တွင်မူတည်၍ Lakeview Chromebook အသုံးပြုခြင်းနှင့် ပက်သက်၍ နှစ်စဉ်ကြေးပေးရမည် ဖြစ်သည်။
    - အပြည့်အဝလျှော့တင်ကြေး နှစ်စဉ် ဒေါ်လာ ၂၀
    - လျှော့ပေါ့လျှော့တင်ကြေး နှစ်စဉ်ဒေါ်လာ ၁၀

  - အခမဲ့လွှင့်တင်ခြင်း နှစ်စဉ် ၅ ဒေါ်လာ
- နှစ်စဉ်ဝန်ဆောင်ကြေးများတွင် အောက်ပါတို့ပါဝင်ပါသည်။
  - မတော်တဆ ပျက်စီးခြင်း ပထမအကြိမ်ဖြစ်ပေါ်ခြင်း (ကျကွဲခြင်း၊ အရည်များဖိတ်ကျခြင်း)
  - သဘာအတိုင်း ပျက်စီး ကွဲပျက်ခြင်း
  - မရည်ရွယ်ဘဲ ပျက်စီးခြင်း
- နှစ်စဉ်ဝန်ဆောင်ကြေးတွင် မပါဝင်သောအရာများ
  - တမင်တကာ ပျက်စီးရန်ရည်ရွယ်ချက်ကြောင့် ပျက်စီးခြင်း
- Chromebooks များကို ပညာသင်နှစ်အကုန်တွင် ပြုပြင်ထိန်းသိမ်းရေးအတွက် ပြန်လည်သိမ်းယူထားမည်ဖြစ်ပြီး နောက်စာသင်နှစ်အစတွင် ပြန်လည်ပေးအပ်သွားပါမည်။
- ကျောင်းသားကျောင်းသူများသည် ၅ တန်းမှ ၈တန်း၊ ၉ တန်းမှ ၁၂ တန်း အထိ မိမိတို့ အသုံးပြုထားသောစက်ကို ပြန်လည်အသုံးပြုရမည်။
- စက်အတွက် ဝန်ဆောင်ခ ပေးဆောင်ရန် နှင့် တာဝန်ယူမှုရှိစေရန် မက်လုံးအဖြစ်
- Chromebook၊ Chromebook အဖုံး၊ Chromebook အားသွင်းစက်တစ်ခုကို ကျောင်းသားကျောင်းသူများ ၈ တန်း နှင့် ၁၂ တန်း ပြီးနောက် နှစ်စဉ်ဝန်ဆောင်ကြေးပေးအပ်ထားသော မိသားစုများအတွက် အပြီးအပိုင် ပိုင်ဆိုင်ခွင့်ပေးပါမည်။

## IPads/ Chromebooks (Grades K မှ Grade 4)

- Grade K နှင့် 1 မှ ကျောင်းသားကျောင်းသူများသည် သတ်မှတ်ထားသော အိုင်ပတ်များ (တစ်ယောက်လျှင်တစ်ခုဆီ) ရရှိမည် ဖြစ်ပါသည်။ သို့သော် ကျောင်းသားကျောင်းသူများသည် စက်များကို ကျောင်းအသွားအပြန် သယ်ဆောင်သွားရန် မရည်ရွယ်ထားပါ။ စက်များကို စာသင်ခန်းအတွင်းတွင်သာ ထားရှိရမည်။
- Grade 2မှ 4 အထိ ကျောင်းသား ကျောင်းသူများသည် သတ်မှတ်ထားသော Chromebooks များကို (တစ်ဦးလျှင် စက်တစ်လုံးဆီ) ရရှိမည် ဖြစ်ပါသည်။ သို့သော် ကျောင်းသားကျောင်းသူများသည် စက်များကို ကျောင်းအသွားအပြန် သယ်ဆောင်သွားရန် မရည်ရွယ်ထားပါ။ စက်များကို စာသင်ခန်းအတွင်းတွင်သာ ထားရှိရမည်။
- ကျွန်ုပ်တို့၏ ခရိုင်၊ တိုင်းဒေသကြီးသည် အဝေးသင် သင်ယူလေ့လာရန် လိုအပ်လာသည့် အခြေအနေတွင် Chromebooks လိုအပ်သည့် မူလတန်းကျောင်းသားကျောင်းသူများ မိသားစုများအတွက် အပိုစက်များ ထားရှိသွားပါမည်။
  - သက်ဆိုင်ရာ ကျောင်းတစ်ကျောင်းဆီတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

## နည်းပညာ အကူအညီ

Chromebooks (သို့မဟုတ်) WIFI hotspots နှင့် ပက်သက်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီတစ်စုံတစ်ရာလိုအပ်ပါက အောက်ပါနံပါတ်ကို ခေါ်ဆိုနိုင်ပါသည်။

## (၂၆၉ ၅၆၉ ၂၄၄၂ )

**<u>လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာ ပြည့်ဝကျေနပ်မှု</u>**

The Lakeview Resilience အဖွဲ့သည် ကျောင်းသားကျောင်းသူများ၊ မိသားစုများ နှင့် ဝန်ထမ်းများကို လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာ အထောက်အကူများအပါအဝင် လူထုအရင်းအမြစ်များကိုပါ ချိတ်ဆက်နိုင်ရန် အခွင့်အရေးများ ပေးအပ်ရာဖွေသွားပါမည်။ ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များ နှင့် ဝန်ထမ်းများ အတွင်း ပြန်လည်နလံထူနိုင်ရေးဆောက်တည်ချက် စွမ်းဆောင်ရည်များကို တိုးမြှင့်နိုင်ရန် ပညာရေး နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ဖူလုံပြည့်ဝမှုအပါအဝင် မိမိကိုယ်ကိုမြှင့်တင်အားပေးရေးဆိုင်ရာ စွမ်းရည်များကိုပါ သင်ကြားပြသပေးသွားပါမည်။ အောက်ပါ ဝက်ဘ်ဆိုက်ကို အချက်အလက်များထပ်မံ ရယူနိုင်ရန် သွားရောက်ကြည့်ရှုပါ။

## Lakeview Resilience အဝေးသင်လေ့လာသင်ကြားရေး ဝက်ဘ်ဆိုက်

**<u>ကိုယ်အင်္ဂါချို့ယွင်းသော ကျောင်းသားကျောင်းသူများ</u>**

ကိုယ်အင်္ဂါချို့ ယွင်းသော ကျောင်းသားကျောင်းသူတိုင်း သည် အခမဲ့သင့်လျော်သောလူထုပညာရေး (FAPE) ကို ခံစားခွင့်ရရှိမည် ဖြစ်ပါပြီး ၄င်းတို့၏ တစ်ဦးတစ်ယောက်ချင်းဆီဆိုင်ရာ ပညာရေးအစီအစဉ် (individualized education program/IEP) ပေါ်တွင်မူတည်၍ အထူးပညာရေးဝန်ဆောင်မှုများကိုလား ခံစားခွင့် ရရှိမည် ဖြစ်ပါသည်။
ကိုယ်အင်္ဂါချို့ ယွင်းသော ကျောင်းသားကျောင်းသူများ၏ ဆရာဆရာမများသည် ထိုကျောင်းသားမိဘများကို ကျောင်းသားကျောင်းသူများ ကျောင်းပြန်လည်တက်ရောက်နိုင်ရေးကို ဆက်သွယ်ဆွေးနွေးသွားပါမည်။

ကျောင်းသားကျောင်းသူများအားလုံး မျက်နှာအကာအကွယ်တပ်ဆင်ရမည့် စည်းကမ်းသည် ကိုယ်အင်္ဂါချို့ယွင်းသော ကျောင်းသား၊ကျောင်းသူများအတွက် လိုက်နာရန် လက်တွေ့မကျအခက်အခဲ ရှိနိုင်ပါသည်။ အချို့သော ကိုယ်အင်္ဂါချို့ယွင်းသော ကျောင်းသား၊ကျောင်းသူများသည် ကျန်းမာရေး၊ အာရုံခံမှု (သို့မဟုတ်) ဆက်ဆံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် မျက်နှာအကာအကွယ်များ တပ်ဆင်ခြင်း ပြုလုပ်နိုင်ရန် အခက်အခဲတွေ့ နိုင်ပါသည်။ ကိစ္စရပ်တစ်ခုချင်းဆီအလိုက် အထူးအခြေအနေများကို ကိုယ်အင်္ဂါချို့ ယွင်းသော ကျောင်းသား၊ကျောင်းသူများအတွက် ပြုပြင်ပြောင်းလဲမှုများ နေရာချထားမှုများလည်း ပြုလုပ်ပေးသွားပါမည်။